# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၅)

**အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်သည်အထိ အရှိန်အဟုန်ဖြင့် ဆက်လက်ကျင်းပသွားမည်**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီး အရေးအကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသော တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ပြီး ကျင်းပလျက်ရှိရာ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ အရှိန်အဟုန်ဖြင့် ဆက်လက်ကျင်းပသွားမည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်ခေါင်းဆောင်သောအဖွဲ့အားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ **(သတင်းစဉ်)**

## တိုင်းရင်းသားလက်နက်ကိုင်များ ဥပဒေဘောင်အတွင်းဝင်လာခြင်းမှာ တစ်ဦးတစ်ယောက်ကြောင့်မဟုတ် နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးမူဝါဒလမ်းစဉ်များကိုယုံကြည်သဖြင့် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်

## နိုင်ငံတော်က တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် သဘောထားများပြောင်းလဲမှုမရှိဘဲ ဆက်လက်ပူးပေါင်းကူညီမည်

## တိုင်းရင်းသားအဖွဲ့အစည်းများ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးဆက်လက် လက်တွဲ

ရန်ကုန် နိုဝင်ဘာ ၁၃

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ ကရင်ပြည်နယ် ဘားအံမြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။**

### ကြိုဆို

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်ကြသော သက်တော်ရှည် မဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍိယနှင့် ဘားအံမြို့ အရိယာဝံသကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိ၊ ကရင်ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ လုမ္ဗနီဥယျာဉ်ကျောင်းတိုက်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဓဇတို့အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ကြပြီး အတွင်းရေးမှူး(၁)က ဆရာတော်ကြီးများ၏ ကျန်းမာရေးအခြေအနေတို့ကို မေးမြန်းလျှောက်ထားကာ ပရိက္ခရာရှစ်ပါး၊ ဆန်၊ ဆီအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

***ကျောဖုံးသို့***

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

# နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အသင်းဝင်များ ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတို့၌ မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ ထိုလိုအပ်ချက်ကိုဖြည့်ဆည်းရန်မှာ ယနေ့လူငယ်လူရွယ်များ အပါအဝင် တိုင်းရင်းသား ပြည်သူများ၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းရေးတွင် အနာဂတ်ကို ပိုင်ဆိုင်ကြသော လူငယ်ထုအတွင်း နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ အစဉ်ထာဝရ ရှင်သန်ထက်မြက်နေရန် ပို၍လိုအပ်သည်။

ထို့အတူ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ် လိုအပ်ပေသည်။ စည်းလုံးညီညွတ်မှုစွမ်းအား၊ စုပေါင်းညီညွတ်သည့်စွမ်းအားဖြင့် အလုပ်လုပ်ကြလျှင် နိုင်ငံတော်ကြီး ပို၍တိုးတက်လာမည် ဖြစ်သည်။ ထိုသို့ တိုးတက်လာရန်အတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လက်တွဲပူးပေါင်းဆောင်ရွက်ရာတွင် မျိုးဆက်သစ်လူငယ်များ၏စုစည်းမှုကို ရယူထားရန် လိုအပ်ပေသည်။

ထို့ကြောင့် အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ ထက်မြက်သောစွမ်းပကားကို အမျိုးသားရေးအကျိုးစီးပွားအတွက်စုစည်းပြီး အမျိုးသားရေးအင်အားစုကြီး အဖြစ် ရပ်တည်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရေးရှုလျက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးဟူသည့် မွန်မြတ်သောရည်ရွယ်ချက်ငါးရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ထိုမွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ယခုအခါ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်၊ ပြည်သူနှင့်အတူ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် စစ်မှုထမ်းဟောင်း အဖွဲ့ စသည့်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကျရာကဏ္ဍက ဦးလည်မသုန် ကျေကျေပွန်ပွန် ထမ်းရွက်လျက် ရှိနေကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်၌ ပါဝင်သည့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းဝင်များ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရေး"**ဟူသည့်အချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးလက်ဒေသများသာမက တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသပါမကျန် ထက်မြက်သောစွမ်းပကားဖြင့် ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် ဆောင်ရွက်လျက်ရှိသည်။

တစ်နည်းဆိုရလျှင် အမျိုးသားရေးစွမ်းအားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်ရင်း နိုင်ငံတော်ကြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ဗဟိုရုံးခန်းတွင် ဦးချစ်ထွေး–ဒေါ်ခင်ညွန့် သားသမီး မြေးတစ်စု အမှတ် ၃၁၊ အေးရိပ်သာ (၁)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်မှ အလှူတော်ငွေ ကျပ် တစ်သိန်းကို (အဖွဲ့ဝင်) ဦးမျိုးခင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**ရန်ကုန်မြို့သဃ်ႋန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် သုဒဿန(၂)လမ်း အမှတ်၁၂၈(က)နေ ဦးချစ်တင်–ဒေါ်စန်းအေးမိသားစုတို့က ဦးချစ်တင်၏ (၇၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



## ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း စုပေါင်းဘုံကထိန်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာ ကလျာဏအသင်း (ရန်ကုန်)၏ တတိယ အကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ၁၃၆၆ခုတန်ဆောင်မုန်း လပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်) သောကြာနေ့ နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ သိမ်ကုန်းကျောင်းတိုက် ပညာလင်္ကာရ(ပလက်ဝ) ဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုများ၊ မြို့နယ်သူမြို့နယ်သားများ၊ အလှူရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

## ဝေနေယျသုခကျောင်းတိုက်မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် ဝေနေယျသုခကျောင်းတိုက်(၃၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ၂၁ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်သည်။ ပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒသာရ (မြို့နယ် သြဝါဒါစရိယ မယ်လမုဘုရား သြဝါဒါစရိယ) အမှူးပြုသော ပင့်သံဃာ အပါး၇၀တို့အား သင်္ကန်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို လှူဒါန်းပူဇော် မည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၄–၁၁–၂၀၀၄**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်"**
- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Structure Study II (ဒုတိယနှစ်၊ အင်္ဂလိပ်စာအထူးပြု)
- ၄း၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၁။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း–၁)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၇။ English Premier League ဘောလုံးပွဲ Newcastle United Vs Manchester United

# မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်ကြမည်

## မောင်မောင်မြင့်ဆွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်ဖွဲ့စည်း ထူထောင်ခဲ့ရာ ယခုအခါ ဆယ်စုတစ်ခေတ်ကျော် သက်တမ်းရှိခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ စွဲမြဲခိုင်မာစွာ ဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မှန်ကန်သော ဦးတည်ချက်၊ ကောင်းမြတ်သော ရှေ့လုပ်ငန်းစဉ်များကြောင့် အသင်းဝင်ဦးရေ တိုးတက်ခဲ့ပြီး ယခုအခါ အသင်းကြီး၏ အဆင့်ဆင့်ကဖွင့်လှစ်ခဲ့သော သင်တန်းများတွင် လူငယ်လူရွယ်ပေါင်း သန်းနှင့်ချီ၍ လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။**

ထို့အပြင် ၂၀၀၃ခုနှစ်အတွင်း အသင်းအဆင့်ဆင့်တွင် နိုင်ငံသားကောင်းအရည်အသွေး၊ အရည်အချင်းဆိုင်ရာသင်တန်းများ၊ ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ နိုင်ငံတကာရေးရာသင်တန်းများ၊ အသက်မွေးမှု အတတ်ပညာသင်တန်းများ၊ ဘာသာစကားနှင့် နည်းပညာသင်တန်းများကို နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်နိုင်ခဲ့ရာ အသင်းဝင်လူငယ်လူရွယ်များ တက်ရောက်သင်ကြားနိုင်ခဲ့ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်အောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုသင်တန်း၊ မြန်မာ့ဖွံ့ဖြိုးလေ့လာမှုသင်တန်းများကိုလည်း ထူးထူးခြားခြား ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်းမှ နည်းပြများ မွေးထုတ်ပေးနိုင်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းတွင် သင်တန်းများ ဆက်လက်ဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းစဉ်များကြောင့် အတွေးအခေါ်ညီညွတ်မှု၊ အမျိုးသားရေးအသိအမြင်မြင့်မားမှု၊ တည်ငြိမ်အေးချမ်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးအတွက် ခံယူချက်ခိုင်မာမှု စသော စွမ်းရည်များနှင့်ပြည့်စုံသော လူငယ်အင်အားစုကြီးကိုလည်း ပြုစုပျိုးထောင်နိုင်ခဲ့ပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရာတွင် အမျိုးသားဖွံ့ဖြိုးရေးအတွက် တာဝန်သိသိဖြင့် နိုင်ငံ့အကျိုးကိုရှေးရှုပြီး ယင်းကဲ့သို့ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး-၂၀၀၃တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားရာတွင်-

> **"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဟာ ပြုစုပျိုးထောင်ထားတဲ့ လူငယ်အင်အားစုနဲ့ နိုင်ငံတော်တည်ဆောက်ရေး အစိတ်အပိုင်းတွေမှာ ပါဝင်ကာ အင်တိုက်အားတိုက် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တယ်"**

ဟူ၍ မိန့်ကြားခဲ့ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်မှုများရရှိရေးတို့တွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ကျေးလက်ရေရရှိရေး၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း ဖောက်လုပ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ အခြေခံပညာကျောင်းများပြုပြင်မွမ်းမံရေး၊ ကလေးသူငယ်များကျောင်းနေနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးလှုပ်ရှားမှုများစသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်မှုတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထား၍ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် သိုက်သိုက်ဝန်းဝန်း ညီညီညွတ်ညွတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်စေရန်အတွက် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကိုလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မူဝါဒအဖြစ် လိုက်နာခံယူ ကျင့်သုံးဆောင်ရွက်လျက်ရှိပေသည်။

ယခုအခါနိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားရမည့် လမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပေသည်။

ထို့ကြောင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရန် ချမှတ်ဖော်ဆောင်လျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်း ပါဝင် ဆောင်ရွက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မှန်ကန်သောဦးတည်ချက်၊ ကောင်းမြတ်သော ရှေ့လုပ်ငန်းစဉ်များကြောင့် အသင်းဝင်ဦးရေ တိုးတက်ခဲ့ပြီး ယခုအခါ အသင်းကြီး၏ အဆင့်ဆင့်က ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် လူငယ်လူရွယ်ပေါင်း သန်းနှင့်ချီ၍ လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။



**သာသနာရေးဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ကထိန်အလှူတော်မင်္ဂလာနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား သိမ်ထပ်မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

## သာသနာရေးဝန်ကြီးဌာန ကထိန်အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် **နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့နေ ကထိန်အလှူဒါယကာ ဦးအောင်ခိုင်-ကထိန်အလှူဒါယိကာမ ဒေါ်ခင်ကြူကြူသန်း မဏ္ဍိုင်အလုပ်ရုံ မိသားစုတို့က သာသနာရေးဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ကထိန်အလှူတော် မင်္ဂလာတွင် သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် ပင့်သံဃာတော် ၅၄ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကင်းဆရာတော် ဘဒ္ဒန္တတိလောက ဆရာတော် သုံးပါးတို့အား သိမ်ထပ်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီးနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းဓမ္မာရုံကြီးတို့၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်းဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။**

### သိမ်ဆင်းလောင်းလှူ

ရှေးဦးစွာ နံနက် ၇ နာရီတွင် ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင် ဆရာတော် သုံးပါးတို့အား သိမ်ထပ်မင်္ဂလာကျင်းပပြီး အလှူဒါယကာ၊ ဒါယိကာမနှင့် အလှူရှင်များက ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်တို့အား သိမ်ဆင်းလောင်းလှူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နံနက် ၉ နာရီတွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းဓမ္မာရုံကြီး၌ ကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် ကြီးများအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး အလှူရှင်များနှင့်ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်တို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အလှူရှင် ဦးအောင်ခိုင်-ဒေါ်ခင်ကြူကြူသန်း မိသားစုတို့က ဗုဒ္ဓဂယာ ရန်ပုံငွေ ထူထောင်ရန်အတွက် အလှူငွေကျပ် သုံးသိန်းနှင့် နိုင်ငံတော်သံဃမဟာနာယက ဆွမ်း၊ ကွမ်းပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဝန်ကြီးများနှင့် ပရိသတ်တို့က အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။ **(သတင်းစဉ်)**



**အမှတ်၆၃၊ ၃ လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးညွန့်ရွှေ-ဒေါ်ညိုညိုလွင်၊ သမီး စိုးမြတ်နွယ်၊ သား အာကာကျော်၊ သမီး ပတ္တမြားခင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကို အောက်တိုဘာ ၂၆ ရက်က လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (က-ပ)**

## ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ယူပီယူနှင့် ယူနက်စကိုတို့၏ အစီအစဉ်အရ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ကြီးမှူးကျင်းပသည့် (၃၄)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အသက်(၁၅)နှစ်နှင့် အောက်လူငယ်များ နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို "A Letter to My Favourite Fairytale Character" (ဒဏ္ဍာရီပုံပြင်ထဲက ကျွန်ုပ်နှစ်သက်သော ဇာတ်ကောင်ထံသို့ ပေးစာ) ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများ၌ တစ်ပြိုင်တည်း ကျင်းပသည်။

### ကြည့်ရှုအားပေး

အဆိုပါ နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ကျင်းပရာ ရန်ကုန်မြို့ရှိ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေသွယ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံစံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ထွေးနှင့် လက်ထောက် အထွေထွေမန်နေဂျာ ဦးမောင်မောင်ဝင်းတို့ ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**




# အီရတ်မြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွား၍ လူ ၂၁ ဦးသေဆုံး မိုဆူးလ်နှင့် ဘေဂျီမြို့များတွင် ညမထွက်ရအမိန့်ထုတ်ပြန်

မိုဆူးလ် နိုဝင်ဘာ ၁၂

**အီရတ်နိုင်ငံမြောက်ပိုင်းတွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူ ၂၁ ဦးထက်မနည်း သေဆုံးခဲ့သဖြင့် မိုဆူးလ်နှင့် ဘေဂျီမြို့များတွင် ညမထွက်ရအမိန့်များ အစိုးရက ချက်ချင်းထုတ်ပြန်ခဲ့ရသည်။**

ဖလူးဂျာမြို့၏ အချက်အချာဒေသသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ခဲ့ချိန်တွင် ထိုသို့တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

**ပျက်စီးစေခဲ့**

၄၈ နာရီအတွင်း ဖလူးဂျာမြို့ကိုလုံးဝထိန်းချုပ်နိုင်မည်ဆိုသော အာလာဝီ၏ ပြောကြားချက်ကို မိုဆူးလ်မြို့တွင်းသို့ အရပ်လေးမျက်နှာမှ ဝင်ရောက်လာခဲ့သည့် လက်နက်ကိုင်များက ပျက်စီးစေခဲ့သည်။ မောင်းပြန်လက်နက်များနှင့် ဒုံးပစ်လောင်ချာများ ကိုင်ဆောင်ထားသော လူ ၅၀ ခန့်သည် အရှေ့ပိုင်းရှိ ကာဒီဆီယာအရပ်ကို ဝင်စီးခဲ့ကြသည်။ ရဲအဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲများဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း မိုဆူးလ်မြို့ဆေးရုံမှ အရက်ဖ်အဗ္ဗဒယ် ကာရင်မ်ဆိုသူက ပြောကြားသည်။ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်ဦးလည်း ပစ်သတ်ခံခဲ့ရသည်။

**တိုက်ခိုက်ခံရ**

အယ်လ်ဝါဒါအရပ်၏ အနောက်ဘက်တွင် အမေရိကန်စစ်ယာဉ်တန်း လက်နက်ငယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်ခံရပြီး မိနစ်ပိုင်းအကြာ၌ မြို့၏အနောက်တောင်ဘက်တွင် ဒုတိယစစ်ယာဉ်တန်း အလားတူတိုက်ခိုက်ခံရသည်။ **(အင်တာနက်)**

# အီရတ် လုံခြုံရေး၊တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေး နိုင်ငံတကာအဖွဲ့အစည်းက တာဝန်ယူရမည်ဟု ခါတာမီပြောကြား

တီဟီရန် နိုဝင်ဘာ ၁၂

**အီရတ်နိုင်ငံတွင် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို အခိုင်အမာရရှိရန် လိုအပ်ကြောင်း၊ ထိုသို့ရရှိရန်အတွက် အီရန်နိုင်ငံ တစ်နိုင်ငံတည်း ပြုလုပ်၍မရဘဲ နိုင်ငံတကာအဖွဲ့အစည်းကလည်း တာဝန်ယူဆောင်ရွက်မှသာ ရမည်ဖြစ်ကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက အင်္ဂါနေ့တွင် အလေးအနက်ပြောကြားလိုက်သည်ဟု အိုင်အာအေအင်သတင်းဌာနက ဖော်ပြသည်။**

အီရန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရတ်နိုင်ငံ ပြည်နယ်ရေးရာအဖွဲ့ ဝန်ကြီး ဝေါ်အမ္မဒူ အယ်လတစ်နှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် အီရန်သမ္မတ ခါတာမီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

**အလေးထား**

အီရတ်နိုင်ငံ၏လုံခြုံရေးနှင့် ဖြစ်ရပ်များကို မိမိနိုင်ငံ၏ လုံခြုံရေးဖြစ်ရပ်များကဲ့သို့ အလေးထားကြောင်း၊ အီရတ်တို့အနေဖြင့် ၎င်းတို့၏နိုင်ငံကို ပုံမှန်အခြေအနေအတိုင်း ဖြစ်စေချင်ကြမည်ဖြစ်ကြောင်း အီရန်သမ္မတ ခါတာမီက ပြောကြားလိုက်သည်။

**ဆောင်ရွက်မည်**

အီရတ်နိုင်ငံကို ကျူးကျော်ရောက်ရှိနေသည့် နိုင်ငံခြားတပ်ဖွဲ့များ အီရတ်မှ ရုပ်သိမ်းရေးကို မိမိတို့ ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်းလည်း ခါတာမီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ပွား**

**ဒဏ်ရာရ**

**ဖလူးဂျာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



# ဘာကူဘာမြို့ရှိ ရဲစခန်းသုံးခု တိုက်ခိုက်ခံရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၁

**ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက်ရှိ ဘာကူဘာမြို့ရှိ ရဲစခန်းသုံးခုကို လက်နက်ကိုင်ပြောက်ကျားများက အင်္ဂါနေ့တွင်တိုက်ခိုက်ရာ အီရတ် ၄၅ ဦးထက်မနည်း သေဆုံးကြောင်း ဆေးရုံသတင်းရပ်ကွက်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

ရင်ခွဲရုံသို့ အလောင်း ၄၅ လောင်း ရောက်ရှိလာပြီး ဒဏ်ရာရရှိသူ ၃၂ ဦးကို ဆေးရုံက လက်ခံရရှိခဲ့ကြောင်း ဘာကူဘာဆေးရုံရှိ သတင်းရပ်ကွက်များက ပြောကြားသည်။

ဘာကူဘာမြို့ရှိ ရဲစခန်းသုံးခုကို လက်နက်ကိုင်ပြောက်ကျားများကတိုက်ခိုက်သဖြင့် ရဲအဖွဲ့ဝင် ၂၅ ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုများသည် ဘဂ္ဂဒက်၏ အရှေ့ မြောက်ဘက် ၆၅ ကီလိုမီတာခန့်အကွာရှိ ဘာကူဘာမြို့တွင်းရှိ ဝါဒါ၊ သာရာနှင့် မတ်ဖ်ရက် ရဲစခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။

လက်နက်ကိုင်ပြောက်ကျားများက အစိုးရနှင့်ပူးပေါင်း ဆောင်ရွက်ခြင်းမပြုရန် သတိပေးသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **အမ်အင်အေ၊ဆင်ပွား**

**လုံခြုံရေးစောင့်ကြပ်**

**ကယ်ကွတ်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ဖလူးဂျာတွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် အကူအညီများပေး၍မရကြောင်း လခြမ်းနီအဖွဲ့ ပြောကြား

ဖလူးဂျာ နိုဝင်ဘာ ၁၁

**တိုက်ပွဲများဖြစ်ပွားနေသော ဖလူးဂျာမြို့တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေအံ့ဆဲဆဲခံစားနေကြရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ဆေးဝါးကုသမှုများလည်း ပေးနိုင်ခြင်းမရှိကြောင်း အီရတ်အထောက်အကူပေးရေးဝန်ထမ်းများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။**

ဖြစ်ရပ်တစ်ခုအနေဖြင့် တိုက်ပွဲများဖြစ်ပွားစဉ် ဒုံးကျည် ထိမှန်မှုကြောင့် ဖလူးဂျာမြို့ အနောက်ဘက်တွင်ရှိသော ဒုက္ခသည်စခန်း၌ အီရတ်အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ကလေးတစ်ဦး သေဆုံးခဲ့ရကြောင်း၊ ၎င်းတို့ ထိခိုက်ဒဏ်ရာရစဉ် ကုသပေးမည့် ဆရာဝန်လည်းမရှိ၊ ပြုစုပေးမည့်လူလည်းမရှိကြောင်း လခြမ်းနီအဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ ဖီရာဒေါ့စ်အယ်အူဘာဒီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ထိုသို့ တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် ဖလူးဂျာမြို့မှနေ၍ မကြာမီရက်များက မိသားစု ၂၂၀၀ ခန့် မြို့ကို စွန့်ခွာထွက်ပြေးခဲ့ပြီး အနီးအနားရှိ မြို့နှင့် ကျေးရွာများတွင် နေထိုင်ခဲ့ကြရသည်။ ထိုသို့ထွက်ပြေးလာသူ ဒုက္ခသည်များမှာ ရေနှင့် စားနပ်ရိက္ခာအပါအဝင် ဆေးဝါးများမှာလည်း ပြည့်စုံလုံလောက်မှုမရှိဘဲဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။ အချို့မိသားစုများမှာ ဖလူးဂျာမြို့မြောက်ဘက်ရှိ ၆၅ မိုင်အကွာ တီကရစ်မြို့တွင် နေထိုင်လျက်ရှိကြသည်။ **အမ်အင်အေ၊ရိုက်တာ**



# ဖလူးဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု အီရတ်သတင်းစာများ ကန့်ကွက်ကြပြီး ပြည်သူများဒေါသထွက်

ဘဂ္ဂဒက် နိုဝင်ဘာ ၁၀

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်း ဘာလက်ဒ်မြို့အနီး၌ လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန် ကင်းလှည့်ယာဉ်တန်း၌ လိုက်ပါလာသော တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။**

ဖလူးဂျာမြို့ကို အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အီရတ်သတင်းစာများက ကန့်ကွက်ကြောင်း ဖော်ပြခဲ့ကြသလို အီရတ်ပြည်သူအများစုကလည်း ဒေါသထွက်နေကြသည်။

**ထောက်ပြ**

အီရတ်အဖွဲ့အစည်းများကလည်း ဖလူးဂျာမြို့အား တိုက်ခိုက်မှုသည် တရားမဝင်ကြောင်း၊ ပြည်သူများကလည်း ထောက်ခံမှု မပြုကြောင်းနှင့် အပြစ်မဲ့အရပ်သားများ သေကျေပျက်စီးမှု များပြားကြောင်း ထောက်ပြခဲ့ကြသည်။ ထို့အပြင် ရွှေ့ပြောင်း နေထိုင်ကြသူများသည် ပြဿနာအများအပြားကိုလည်း ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့သည်။

**ထုတ်ပြန်**

ဖလူးဂျာ ထိုးစစ်ကြောင့် အခြားသောဒေသများတွင် လုံခြုံရေးအခြေအနေ ယိုယွင်းလာလျက်ရှိပြီး ဘဂ္ဂဒက်မြို့၏ အစိတ်အပိုင်းအတော်များများနှင့် အခြားဒေသများ၌ ဗုံးခွဲမှုများ၊ အဆောက်အအုံများနှင့် ရဲစခန်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ မြင့်တက်လာနေသလို ဘဂ္ဂဒက်၌လည်း ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်းသိရသည်။ **(စီအင်န်အင်န်)**




# နိုင်ငံတကာ သတင်းများ

# ဖလူးဂျာအနီး ကန်စစ်ရဟတ်ယာဉ်နှစ်စင်းပစ်ချခံရ

ဒူဘိုင်း နိုဝင်ဘာ ၁၃

**ခုခံတိုက်ခိုက်မှုများ ပြင်းထန်ပြီး တိုက်ပွဲများဖြစ်ပွားနေသော ဖလူးဂျာမြို့အနီးတွင် ကြာသပတေးနေ့၌ အမေရိကန်ကော်ဘရာ စစ်ရဟတ်ယာဉ်နှစ်စင်း ပစ်ချခံခဲ့ရကြောင်း အမေရိကန်စစ်ဘက်၏ ပြောကြားချက်ကို အယ်အာရေဗျရုပ်မြင်သံကြားက ကြာသပတေးနေ့က ထုတ်လွှင့်ခဲ့သည်။**



အဆိုပါ အမေရိကန်စစ်ဘက်သုံး ကော်ဘရာရဟတ်ယာဉ်နှစ်စင်း ပစ်ချခံရမှုနှင့်ပတ်သက်၍ ဒူဘိုင်းအခြေစိုက် အယ်အာရေဘီးယားရုပ်မြင်သံကြားဌာနက အသေးစိတ်ပြောကြားခြင်းမရှိပေ။ ဖလူးဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများအား တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**ပစ်ချခံရ**

အယ်အာရေဗျ ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်ရာတွင် အမေရိကန်စစ်ရဟတ်ယာဉ်နှစ်စင်းမှာ အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ချခံရခြင်းဖြစ်သည်ဟု ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ခန့်နှင့် အီရတ်တပ်ဖွဲ့ဝင် ၂၀၀၀ခန့်တို့သည် ဖလူးဂျာမြို့ရှိ အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲများဖြစ်ပွားလျက်ရာမှ လက်နက်ကြီးများဖြင့် တိုက်ခိုက်ပြီးနောက် တနင်္လာနေ့က ဖလူးဂျာမြို့အတွင်း ဝင်ရောက်ခဲ့ကြသည်။

**တိုက်ခိုက်ဆဲ**

ဖလူးဂျာမြို့တွင် နိုင်ငံခြားတိုက်ခိုက်ရေးသမားများနှင့် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ သစ္စာခံလက်နက်ကိုင်များ၏ တိုက်ခိုက်မှုအချို့ ရှိနေဆဲပင်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံမြို့ကြီးများဖြစ်သော ဆာမာရာ၊ ဘေဂျီ၊ ဘာကူဘာ၊ တီကရစ်၊ ရာမာဒီနှင့် ဘဂ္ဂဒက် အချို့နေရာဒေသများတွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအား အပြင်းအထန် တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

# မိုဆူးလ်မြို့ရှိ ရဲစခန်းများအား အီရတ်ပြောက်ကျားတို့ ပစ်ခတ်တိုက်ခိုက်

မိုဆူးလ် နိုဝင်ဘာ ၁၂

**အီရတ်နိုင်ငံ၏ တတိယအကြီးဆုံး မြို့ဖြစ်သော မိုဆူးလ်တွင် ပြောက်ကျားတို့က ရဲစခန်းများကို ကြာသပတေးနေ့၌ မီးရှို့ခဲ့ကြပြီး လက်နက်များကို ယူငင်ကြကာ လမ်းများပေါ်တွင် ပြောင်ပြောင်တင်းတင်းပင် သွားလာနေခဲ့ကြရာ မိုဆူးလ်မြို့မှာ အထိန်းအကွပ်မရှိ ဖြစ်ခဲ့သည်ဟု ဒေသခံများက ပြောကြားသည်။**

တစ်မြို့လုံးတွင် ပေါက်ကွဲသံများ၊ ဒုံးပစ်လောင်ချာပစ်ခတ်သံများ၊ သေနတ်သံများ ပဲ့တင်ထပ်နေခဲ့ပြီး ရဲစခန်းတစ်ခုထက်မနည်းမှ မီးခိုးလုံးများ တက်လာကြောင်း၊ လွန်ခဲ့သည့် ၄ရနာရီအတွင်း ရဲစခန်း ခုနစ်ခုထက် မနည်း တိုက်ခိုက်ခံရကြောင်း ဒေသခံများက ပြောကြားသည်။

ဒေသအချို့တွင် လုံခြုံရေးတပ်ဖွဲ့များ စီးနင်းခံရကြောင်း အမေရိကန်စစ်ဘက်က ဝန်ခံပြောကြားသည်။

**အပြင်းထန်ဆုံး**

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် အကြမ်းဖက်မှု မကြာခဏဖြစ်ခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ရက်၌ အပြင်းထန်ဆုံးဖြစ်ကြောင်း ဒေသခံများနှင့် သတင်းထောက်များက ပြောကြားသည်။

**ပိုမိုလှုပ်ရှား**

လွန်ခဲ့သည့်သုံးရက်၌ ဆာမာရာ၊ ဘေဂျီ၊ ဘာကူဘာ၊ တီကရစ်၊ ရာမာဒီနှင့် ဘဂ္ဂဒက်၏ နေရာအစိတ်အပိုင်းများတွင် ပြောက်ကျားများ ပိုမိုလှုပ်ရှားလာခဲ့ကြသည်။ မိုဆူးလ်မြို့တွင် ပြောက်ကျားတို့က မြို့လယ်ရှိ တံတားတစ်ခုကိုစောင့်ကြပ်နေသော အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ရာ အစောင့်တပ်ဖွဲ့ဝင်ငါးဦးအားသတ်ခဲ့ပြီး ယာဉ်သုံးစီးကိုဖျက်ဆီးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## မီးလောင်

**မိုဆူးလ်မြို့ရှိ ရဲစခန်းတစ်ခုအနီးတွင် ဗုံးပေါက်ကွဲမှုနှင့် အီရတ်ပြောက်ကျားတို့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသော မော်တော်ယာဉ်များကို နိုဝင်ဘာ ၁၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# နိုဝင်ဘာ ၁၂ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၆၉ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၃

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

**တိုက်ပွဲ၌သေဆုံး**

နိုဝင်ဘာ ၁၂ရက် သောကြာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၆၉ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၀၃ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်းသေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူလ်ဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၃၁ ဦးဖြစ်ပြီး ယင်းအနက် ၇၉၄ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

**စီးနင်းရန်ကြိုးစား**

ဖလူးဂျာမြို့တွင် အိမ်တစ်အိမ်အတွင်း ဝင်ရောက်စီးနင်းရန် **ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၂ရက်က တွေ့ရစဉ်။**(ဓာတ်ပုံ-အင်တာနက်)

# ဆာမာရာ၌ ဗုံးပေါက်ကွဲ အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဆာမာရာ နိုဝင်ဘာ ၁၂

**အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ရဲကားတစ်စီးအနီး၌ လမ်းဘေးဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

**ထိုပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သေနတ်သမားများက ရဲကားအား ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အပြန်အလှန် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။** အမ်အင်အေ၊ရိုက်တာ

# အီရတ်အကျဉ်းသားများအား ညှဉ်းပန်းခဲ့သော ကန်တပ်ဖွဲ့ဝင်သုံးဦး ဘဂ္ဂဒက်မှ အမေရိကန်နိုင်ငံသို့ လွှဲပြောင်းအစစ်ခံရမည်

ဘဂ္ဂဒက် နိုဝင်ဘာ ၁၂

**အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခံထားရသော အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် ဘဂ္ဂဒက်မြို့မှနေ၍ အမေရိကန်ပြည်ထောင်စုရှိ စစ်အခြေစိုက်စခန်းတစ်ခုသို့ ပြောင်းရွှေ့ခေါ်ဆောင်သွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။**

အဆိုပါတရားစွဲဆိုခံထားရသော အမေရိကန်တပ်ဖွဲ့ဝင်များမှာ တပ်ကြပ် ဂျာဗယ်ဒေးဗစ်၊ ချာလက်ခ်နှင့်ဆာဘရီနာဟာနင်တို့ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု တက်ဆက်ပြည်နယ်ရှိ ဖို့ဒ်ဟုဒ်စစ်အခြေစိုက်စခန်း၌ စစ်ဆေးခံကြရမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

**နှိပ်စက်မှု**

ယခုကဲ့သို့ တရားစွဲဆိုခံထားရသော အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးမှာ ပြီးခဲ့သည့်၂၀၀၃ ခုနှစ်က ဘဂ္ဂဒက်ရှိ အဘူဂါရိုပ်အကျဉ်းစခန်းတွင် အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခံထားရခြင်း ဖြစ်သည်။

ယင်းတပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ်ဧပြီလအတွင်းက အဘူဂါရိုပ်အကျဉ်းစခန်းတွင် အီရတ်အကျဉ်းသားများအား အဝတ်အစားမဲ့ပြုလုပ်ကာ မဖွယ်မရာ ပြောဆိုဆက်ဆံခဲ့ကြောင်း သိရသည်။

**ရင်ဆိုင်နေရ**

ယခုအခါ အမေရိကန် စစ်ရဲတပ်ဖွဲ့ဝင်ခုနှစ်ဦးနှင့် စစ်ဘက်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တစ်ဦးတို့မှာ စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် ရင်ဆိုင်နေကြသည်။

**အမ်အင်အေ၊ရိုက်တာ**

**ကွယ်လွန်သူ ယာဆာအာရာဖတ်၏ ရုပ်အလောင်းကို ရာမာလာမြို့ရှိ ၎င်း၏ ခြံအတွင်း၌မြှုပ်နှံ**

**ရာမာလာ နိုဝင်ဘာ ၁၃**

ကွယ်လွန်သွားသော ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်၏ ဈာပနကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် နိုင်ငံတော် ဈာပနအဖြစ် သောကြာနေ့ အစောပိုင်းက ကျင်းပခဲ့ပြီး ၎င်း၏ ရုပ်အလောင်းကို ကိုင်ရိုမြို့မှ အနောက်ဘက် ကမ်းခြေဒေသရှိ ရာမာလာမြို့သို့ ရဟတ်ယာဉ်ဖြင့် သယ်ဆောင်လာခဲ့သည်။ အာရာဖတ်ကို ချစ်ခင်လေးစားကြသော ရာမာလာမြို့မှ လူ၅၀၀၀ခန့်သည် အာရာဖတ်၏ ရုပ်အလောင်း ထည့်ထားသော ခေါင်းအနီး ဝိုင်းအုံကာ ကြည့်ရှုခဲ့ကြသည်။

အာရာဖတ်၏ ရုပ်အလောင်းကို ရဟတ်ယာဉ်ပေါ်မှ ကားပေါ်တင်၍ သယ်ဆောင်သွားပြီး ရာမာလာမြို့ရှိ အာရာဖတ်၏ ခြံဝင်းထဲ၌ မြှုပ်နှံခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးကိုယ်စား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းက အင်န်ဒီအေတောတွင်းလက်နက်ကိုင်အဖွဲ့မှ ဦးအုန်းသွင် ခေါင်းဆောင်သော အဖွဲ့ဝင် ၂၄ ဦးအတွက် အမှတ်တရလက်ဆောင်များပေးအပ်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထို့နောက် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးကိုယ်စား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ မှားယွင်းသောလုပ်ရပ်များကိုသိမြင်လာပြီး နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ ဝင်ရောက်လာကြသည့်အဖွဲ့ဝင်များအား နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တက်ညီလက်ညီလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## လက်နက်ခဲယမ်းများအပ်နှံ

ယင်းနောက် အင်န်ဒီအေတောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များက ၎င်းတို့၏ လက်နက်၊ ခဲယမ်းများကိုအသီးသီးအပ်နှံကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်ထွန်းက လက်ခံရယူသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် စစ်ဗျူဟာမှူးဗိုလ်မှူးကြီးမြင့်ထွန်းက အင်န်ဒီအေအဖွဲ့ခေါင်းဆောင် ဦးအုန်းသွင်အား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ဥက္ကဋ္ဌကိုယ်စား လေညာကျေးရွာဥက္ကဋ္ဌ ဦးညွန့်ကြည်က ငွေကျပ်နှစ်သိန်း၊ လေညာတပ်နယ် မိသားစုများက ငွေကျပ်တစ်သိန်းကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် အဖွဲ့ခေါင်းဆောင် ဦးအုန်းသွင်က ယင်းတို့အားနွေးထွေးပျူငှာစွာကြိုဆိုခဲ့ကြသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

## နှုတ်ဆက်အားပေး

ထို့နောက် ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် တာဝန်ရှိသူများက လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးအုန်းသွင်၊ တပ်ခွဲမှူးအဆင့်ရှိ ရွှေနီနှင့် တာပီအဲ၊ ဒုတပ်ခွဲမှူးအဆင့်ရှိရဲထွန်းနှင့် ရွှေလှ၊ စည်းရုံးရေးမှူးဦးမုံ့ အပါအဝင် အဖွဲ့ဝင် ၂၄ ဦးပါဝင်၍ အမ်–၇၂တစ်ချက်ပစ်လောင်ချာ(၂)လက်၊ အေကေ–၄၇မောင်းပြန်ရိုင်ဖယ်(၃)လက်၊ ၎င်းကျည်အိမ်(၃)ခု၊ ၎င်းကျည်(၂၈၉)တောင့်၊ အမ်–၇၉ဒုံးပစ်လောင်ချာ(၂)လက်၊ ၄၀–မမ ဗုံးသီးအလုံး ၂၀၊ ရှေ့ထွက်မိုင်း(၄)လုံး၊ လက်ပစ်ဗုံး(၆)လုံးတို့ပါရှိကြောင်းနှင့် ယင်းအဖွဲ့ဝင်များအား တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၄ ခုနှစ်၊နိုဝင်ဘာလအတွက်**

**(၁၄–၁၁–၂၀၀၄)ရက်နေ့**

**နှင့်**

**(၂၈–၁၁–၂၀၀၄)ရက်နေ့**

## စုပေါင်းမဟာဘုံကထိန်နှင့် အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်(၉၃)ရပ်ကွက် အောင်သုခ ပရိယတ္တိစာသင်တိုက်၏(၅၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲနှင့် တတိယအကြိမ်မြောက် ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ညောင်ကန်အေး မဟာစည်သာသနာ့ရိပ်သာ ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပသာသနာပြု ညောင်ကန်အေးဆရာတော်ကြီးက အနုမောဒနာတရားချီးမြှင့်မည်ဖြစ်ရာ ဖုန်း–၅၉၃၀၆၂သို့ဆက်သွယ်ကုသိုလ်ယူ လှူဒါန်းနိုင်ရန်နှင့် တရားတော်နာကြားရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

## ရွှေဥမင်ဆရာတော်ကြီး နှစ်နှစ်ပြည့်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင်းကျေးရွာရှိ ကျေးဇူးတော်ရှင် ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးတွင် ဆရာတော်အား နှစ်နှစ်ပြည့်ရည်မှန်းပူဇော်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁၄ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီခွဲတွင် တိပိဋကဓရ ယောဆရာတော်ကလည်းကောင်း၊ ညနေ ၆ နာရီတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်(စနေနေ့)နံနက် ၈ နာရီခွဲတွင် ရွှေဥမင်မော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်၍ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟု သိရသည်။ (က–ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၁၄–၁၁–၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say It In English

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သစ္စာချစ်ပန်း”**(အပိုင်း–၄၄)
- ၁၂:၂၀ ၅။ ကပ်တဲလ်ကြိုးတံတား
- ၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **“အဖြူရောင်”** (ပိုင်စေရဲထွန်း၊ ဝိုင်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ–မျိုးထူး)
- ၁၄:၂၀ ၇။ အကပြိုင်ပွဲ
- ၁၄:၃၅ ၈။ စွန်ချောင်းရေလှောင်တမံ
- ၁၄:၄၅ ၉။ International News

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use.
- ၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ၊ အထူး ပြုများ) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၇:၅၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်”** (အပိုင်း–၃၂)
- ၁၉:၃၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၄။ လင်းလက်ဝေဖြာ တီကျစ်ကျေးရွာ (တီကျစ်ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မေတ္တာသည် ဆန်းကြယ်လှသည်”** (အပိုင်း–၁၇)



နိုဝင်ဘာ ၁၁ရက်က တပ်မတော်(လေ)လေကြောင်းအတတ်သင်လေတပ်စခန်းအမှတ်(၁) လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်းကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့တက်ရောက်ကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

## ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများယှဉ်ပြိုင်နိုင်

**ရန်ကုန် နိုဝင်ဘာ ၁၃**

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီသည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်၊အခြေခံပညာအထက်တန်းအဆင့် (၈တန်း၊ ၉တန်း၊ ၁၀တန်း)နှင့် အခြေခံပညာအလယ်တန်းအဆင့် (၅တန်း၊ ၆တန်း၊ ၇တန်း)ကျောင်းများအလိုက် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

### တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်

တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်ပြိုင်ပွဲများကို ဒီဇင်ဘာ ၄ ရက် (စနေနေ့)နံနက် ၉ နာရီမှ ၁၁ နာရီအထိ စာစီစာကုံးပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကဗျာပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်တွင် စစ်တက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးနှင့်နီးနွယ်သောတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံများ၊ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များ၊ သစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ၊ သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ပထမဘွဲ့ မရသေးသော ဘွဲ့ကြိုကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

### အခြေခံပညာအထက်တန်းအဆင့်

အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲများတွင် ဒီဇင်ဘာ ၄ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိကဗျာပြိုင်ပွဲကိုလည်းကောင်း တစ်ချိန် တည်း ကျောင်းအလိုက်ကျင်းပမည်ဖြစ်သည်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသားကျောင်းသူများ ပါဝင် ယှဉ်ပြိုင်နိုင်သည်။

### အခြေခံပညာအလယ်တန်းအဆင့်

အခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း တစ်ချိန်တည်း ကျောင်းအလိုက်ကျင်းပမည်ဖြစ်သည်။ ၅ တန်း၊ ၆ တန်း၊ ၇ တန်း ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

စာစီစာကုံးပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့်စာစီစာကုံးသည် စာလုံးရေ ၅၀၀၀ (ငါးထောင်)ထက် မပိုစေရဘဲ ကဗျာပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့်ကဗျာသည် ပဒ ၃၀၀ (သုံးရာ)ထက်မပိုစေရဟု သိရှိရသည်။

အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာကျောင်းများတွင် ဒီဇင်ဘာ ၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများတွင် ဒီဇင်ဘာ ၃ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ဗဟိုအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံ ပညာအထက်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာအလယ်တန်းအဆင့်စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲမှ ခြောက်ဦး စုစုပေါင်း ၁၈ဦးတို့ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဆုများထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ကူးသန်းသွားလာမှုလွယ်ကူစေသည့် စစ်ကိုင်းတိုင်းအတွက် ၁၂ စင်းမြောက် မြစ်သာတံတား(ကလေးဝ)

## မြစ်သာတံတား တည်နေရာပြမြေပုံ




စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာ ကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ)ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## မြစ်သာတံတား(ကလေးဝ)

| | | |
|---|---|---|
| တည်နေရာ | – | စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ်၊ ကလေးဝမြို့အဝင် မုံရွာ–ယာကြီး–ကလေးဝကားလမ်းသစ်ပေါ် |
| ဖြတ်သန်းမြစ် | – | မြစ်သာမြစ် |
| တည်ဆောက်သည့်ဌာန | – | ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| တံတားအမျိုးအစား | – | သံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ် လွန်တူးပိုင်တိုင် အုတ်မြစ်စီ၊ အပေါ်ထည် သံကူကွန်ကရစ်ပင်မ သံပေါင်ကြိုးတံတား |
| စုစုပေါင်း တံတားအရှည် | – | ပေ ၁၃၂၀ |
| ယာဉ်သွားလမ်းအကျယ် | – | ၂၈ ပေ |
| လူသွားလမ်းအကျယ် | – | လေးပေ |
| စတင်တည်ဆောက်သည့်နေ့ | – | ၂၉–၇–၂၀၀၂ |
| တည်ဆောက်ပြီးစီးဖွင့်လှစ်သည့်နေ့ | – | ၁၂–၆–၂၀၀၄ |
| အကျိုးသက်ရောက်မှု | – | ကလေးဒေသနှင့် မုံရွာဒေသအကြား၊ မုံရွာဒေသနှင့် ချင်းပြည်နယ်အကြား ကူးသန်းသွားလာမှု၊ ရောင်းဝယ်ဖောက်ကားမှု သွက်လက်မြန်ဆန်ဖွံ့ဖြိုး၊ ကလေးဝမြို့ ပိုမိုပြောင်းလဲတိုးတက်စည်ပင်။ |



14-11 (07).p65 1 3/24/05, 4:38 PM

# ဒေသနေပြည်သူများဥပဒေဘောင်အတွင်းအေးချမ်းလုံခြုံစွာ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတိုးတက်ရေး တိုင်းရင်းသားအဖွဲ့အစည်းများ နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်ခေါင်းဆောင်သောအဖွဲ့အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက် စံကျောင်းတော်၌ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညိုပြီး ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မြိုင်ကြီးငူအထူးဒေသ ဌေးရိပ်သာ၌ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

## အမျိုးသားရေးမူဝါဒ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို ရှင်းပြပြီးနောက် ဥပဒေဘောင် အတွင်း ရောက်ရှိနေကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြောကြားရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ သဘောကြောင့် မဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲစေရေးနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရေးတို့ကို အခြေခံသည့် နိုင်ငံတော် အစိုးရ၏ အမျိုးသားရေး မူဝါဒ လမ်းစဉ်များကို ယုံကြည်သဖြင့် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း။

တိုင်းရင်းသား အဖွဲ့အစည်းများသည်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး မိမိတို့ဒေသအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း။

## သဘောထားပြောင်းလဲမှုမရှိ

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း တိုင်းရင်းသား အဖွဲ့အစည်းများအပေါ် ထားရှိခဲ့သည့်သဘောထားများ ပြောင်းလဲမှုမရှိဘဲ ဆက်လက်ပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းကို ခိုင်ခိုင်မာမာပြောကြားလိုကြောင်း။

## လက်တွဲဆောင်ရွက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်မှာလည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မူဝါဒလမ်းစဉ် မဟုတ်ဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်သာဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အပိုင်းက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် ဒေသနေပြည်သူများ၏ အသိပညာ၊ ဗဟုသုတကြွယ်ဝရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများကိုလည်း နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့်လည်း တိုင်းရင်းသား အဖွဲ့အစည်းများ၏ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်း။

## ဆက်လက်ကြိုးပမ်း

ဒေသနေပြည်သူများ တရားဥပဒေဘောင်အတွင်း အေးချမ်းလုံခြုံစွာဖြင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ တိုးတက်မှုများရရှိစေရန်၊ တိုင်းရင်းသားအဖွဲ့အစည်းများအပိုင်းကလည်း နိုင်ငံတော်နှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြင့် မှာကြားသည်။

ထို့နောက် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်က မိမိတို့အဖွဲ့သည် ဒေသလုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ၁၀နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း။

## ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများအလိုက် ဖြည့်ဆည်းပေးရန်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများကို ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌဦးသာထူးကျော်နှင့် အဖွဲ့ဝင်များထံ ပေးအပ်သည်။

## လက်ဆောင်ပစ္စည်းများပေးအပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်တို့ကလည်း မြိုင်ကြီးငူ အထူးဒေသ ပြည်သူများအတွက် လက်ဆောင်ပစ္စည်းများကို ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ပေးအပ်ကြသည်။

ယင်းနောက် ဒီကေဘီအေအဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များကလည်း အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ဂါရဝပြု ပြန်လည်ပေးအပ်ကြပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်က ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)



ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်း ကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဖဒိုအောင်ဆန်းက ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဖဒိုအောင်ဆန်းနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအပြီး ဒေသခံ တိုင်းရင်းသားများအား တရင်းတနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

14-11 (08).p65 1 3/24/05, 4:38 PM



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသမှ ဆရာတော်ဘဒ္ဒန္တသုဇနအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီကေဘီအေအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာရှိ ငြိမ်းချမ်းရေးခန်းမဆောင်သို့ ရောက်ရှိကြရာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများကို ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအားပေးအပ်သည်။

## လက်တွဲပူးပေါင်းသွားမည်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို ရှင်းပြပြီးနောက် ဥပဒေဘောင်အတွင်း ရောက်ရှိနေသော တိုင်းရင်းသား အဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မြဲရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးတို့ကို အခြေခံသည့် နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒများနှင့်အညီ နိုင်ငံတော်အစိုးရက သဘောထားပြောင်းလဲမှုမရှိဘဲ ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်လက် လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မူဝါဒလမ်းစဉ်မဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသော နိုင်ငံတော်၏မူဝါဒ လမ်းစဉ်သာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အပိုင်းက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ညီလာခံပြီးသည်အထိ

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီး အရေးအကြီးဆုံးလည်း ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသော တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ပြီး ကျင်းပလျက်ရှိရာ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ အရှိန်အဟုန်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသော အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်အစိုးရက ချမှတ်ပြဋ္ဌာန်းထားသောဥပဒေ၊ စည်းမျဉ်း၊



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

စည်းကမ်းများနှင့်အညီ မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက် မြင့်မားရေးတို့အတွက် အေးချမ်း ပျော်ရွှင်စွာဖြင့် နေထိုင် လုပ်ကိုင် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရ အနေဖြင့်လည်း လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းက တပ်မတော်အစိုးရ၏ ကျေးဇူးကြောင့် ကရင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မိမိတို့ကျေးရွာအတွက် နိုင်ငံတော်မှတာဝန်ရှိသူများကိုယ်တိုင် လာရောက်တွေ့ဆုံအားပေးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးမှုတို့အတွက် ကျေးဇူးတင်စကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဘုရားကုန်းကျေးရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ညနေ ၄ နာရီတွင် ရောက်ရှိကြသည်။

## လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဟောင်သရောအထူးဒေသအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲနှင့်အဖွဲ့ အတွင်းရေးမှူး ဦးမန်းအောင်တင်မြင့်တို့အား ညနေ ၄ နာရီခွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အဏ္ဏဝါရိပ်သာ၌လက်ခံတွေ့ဆုံသည်။

## ပညာပေးစည်းရုံး

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးရယူပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ထားရှိသည့် သဘောထားကိုရှင်းပြပြီးနောက် ဒေသအတွင်း စိုက်ပျိုးရေး၊မွေးမြူရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တို့ကို ကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်မှုကို ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဒေသနေ တိုင်းရင်းသားပြည်သူများ အသိပညာ၊ အတတ်ပညာ တိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရေးတို့အတွက် အဖွဲ့အစည်းဝင်များနှင့် မိသားစုဝင်များအား ပညာပေးစည်းရုံး ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းတို့ကို ဟောင်သရော အထူးဒေသ အဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲထံ ပေးအပ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပွဲအပြီးတွင် အဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်း မိသားစုနှင့် အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက သဘောထားပြောင်းလဲမှုမရှိ

- ❑ ဥပဒေဘောင်အတွင်း ရောက်ရှိနေသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မြဲရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးတို့ကို အခြေခံသည့် နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒများနှင့်အညီ နိုင်ငံတော်အစိုးရက သဘောထားပြောင်းလဲမှုမရှိ၊
- ❑ ဥပဒေဘောင်အတွင်းရောက်ရှိနေကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်၊
- ❑ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မူဝါဒလမ်းစဉ်မဟုတ်၊
- ❑ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်သာဖြစ်၍ နိုင်ငံတော်အပိုင်းက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

# အဝလွန်ရောဂါအကြောင်း သိကောင်းစရာ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဝလွန်ခြင်းသည် အဆင့်အတန်းမရွေး လူလတ်ပိုင်း အမျိုးသမီးများနှင့် မြို့နေလူကုံထံ အသိုင်းအဝိုင်းတွင် အရွယ်မရွေးဖြစ်ပွားမှု များသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဝလွန်ခြင်းသည် လူလတ်ပိုင်း အမျိုးသမီး များတွင်သာမက ကလေးများနှင့် လူငယ်လူရွယ်များတွင်လည်း ဖြစ်ပွားမှုနှုန်း ပို၍များပြားလာသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အဝလွန်ခြင်းသည် လူကြီးများတွင် ၃၀ရာခိုင်နှုန်းခန့်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ၁၀ရာခိုင်နှုန်းမှ၁၅ရာခိုင်နှုန်း ပတ်ဝန်းကျင်ခန့် ရှိသည်။ စက်မှုလက်မှု ထွန်းကားလာသည်နှင့်အမျှ မြို့ပြလူနေမှု ဖွံ့ဖြိုးလာခြင်းနှင့် လူစွမ်းအားထက် စက်စွမ်းရည်အပေါ် မှီခိုမှုမှာ ကမ္ဘာအနှံ့ တိုင်းပြည်များတွင် များပြားလျက်ရှိသည်။ အစားအသောက်နှင့် အမူအကျင့်များ သည်လည်း ပြောင်းလဲလာပြီး အဆီများ၍ အင်အားဓာတ်များသော အစားအစာ များ စားသုံးမှု များပြားလာခြင်းနှင့် လှုပ်ရှားမှုနည်းသော နေထိုင်မှုများသည်လည်း အဝလွန်ခြင်းကို ဖြစ်စေသော အကြောင်းအရာများ ဖြစ်ကြသည်။

ခါးအတိုင်းအတာသည် အမျိုးသားများတွင် ၁၀၂စင်တီမီတာထက် ပိုလျှင် သော်လည်းကောင်း၊ အမျိုးသမီးများတွင် ၈၈စင်တီမီတာထက် ပိုလျှင်သော် လည်းကောင်း အဝလွန်ခြင်းဟု သတ်မှတ်သည်။ အဝလွန်ကာ ဝမ်းဗိုက်တွင် အဆီများသူများသည် အသက်အန္တရာယ် ပို၍များသည်။ ထို့ကြောင့် ခါးတိုင်း တာခြင်းသည် အဝလွန်သူများကို ရှာဖွေခြင်းနှင့် အဝလွန်ခြင်းနှင့် ပတ်သက်သော ရောဂါများတွင် အန္တရာယ်ဖြစ်စေသော ဆိုးကျိုးများကို ရှာဖွေရာတွင် ရိုးရှင်းပြီး လက်တွေ့ကျသော တိုင်းတာနည်းဖြစ်သည်။

အဝလွန်ခြင်း၏ ဆိုးကျိုးများမှာ များပြားလှသည်။ အသက်ငယ်ငယ်နှင့် သေဆုံးခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သည်းခြေ အိတ်ရောဂါ၊ စိတ်ပိုင်းဆိုင်ရာ ရောဂါများနှင့် အချို့သော ကင်ဆာရောဂါများ (သားဥအိမ်၊ သားအိမ်၊ သားအိမ်ခေါင်း၊ ရင်သား၊ ဆီးကျိတ်၊ အူလမ်းကြောင်း၊ သည်းခြေအိတ်၊ မုန့်ချိုအိတ်၊ အသည်း၊ ကျောက်ကပ် စသည်တို့) ဖြစ်နိုင်သည်။ ယင်းရောဂါများသည် နာတာရှည်ရောဂါများဖြစ်၍ ဆိုးရွားသော နောက်ဆက်တွဲ ရောဂါများဖြစ်စေပြီး အသက်တိုစေနိုင်သည်။ နာတာရှည်ရောဂါများမှာ အတွင်းတိမ်၊ မျက်စိအမြင်လွှာပျက်စီးခြင်း၊ အာရုံကြောရောဂါများ၊ ကျောက်ကပ် ပျက်စီးခြင်း၊ သွေးကြောများတွင် အဆီပိတ်ခြင်းများ စသည်တို့ ဖြစ်ကြသည်။ အဝလွန်ခြင်းဖြစ်ရခြင်း၏ အကြောင်းရင်းမှာ စားသုံးသောအင်အားဓာတ်သည် သုံးစွဲသော အင်အားဓာတ်ထက် နှစ်ရှည်လများ ပိုများနေ၍ ဖြစ်သည်။

**အဝလွန်ခြင်းကို ဖြစ်စေသော အစားအသောက်နှင့် အလေ့အကျင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

- အဆီများသော သွားရည်စာများကို များများစားခြင်း၊
- ညဘက်တွင် အဆာပြေအစာများ စားတတ်ခြင်း၊
- အဆီဓာတ်ပါဝင်မှုများသော အစာများကို စားသုံးမှုများခြင်း၊
- အသားစားသုံးမှုများခြင်း၊
- မိတ်ဆွေများနှင့် ညစာစားပွဲများ စားသောက်ခြင်း၊
- အဆီများသော၊ အဆင်သင့်ရနိုင်သော အစားအစာများကို မကြာခဏ စားတတ်ခြင်း၊
- အချိုရည်များကို မကြာခဏသောက်ခြင်း၊
- အရက်သောက်မှုများခြင်း၊
- ဆီများများနှင့် ချက်ထား၊ ကြော်ထား၊ ပြင်ဆင်ထားသော အစားအစာ များကို စားသုံးမှုများခြင်း၊ (ဥပမာ–ဆီပြန်ဟင်းများ၊ နန်းကြီးသုပ်၊ ဆီများသော လက်ဖက်သုပ်၊ ထိုးမုန့်–စသည်)။

**အဝလွန်ခြင်းကို ဖြစ်စေသော နေထိုင်မှုပုံစံများမှာအောက်ပါအတိုင်းဖြစ်ပါသည်။**

- တီဗွီကြည့်ခြင်း၊ စာဖတ်ခြင်း၊ ကွန်ပျူတာသုံးခြင်းများဖြင့် အချိန်ဖြုန်း တတ်ခြင်း၊
- အချိန်ကြာကြာ တယ်လီဖုန်းပြောခြင်း၊
- ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများကို အသုံးပြုခြင်း၊
- အိမ်တွင်း အမှုကိစ္စများ ပြုလုပ်ရာတွင် ခေတ်ပေါ် လျှပ်စစ်ပစ္စည်းများ (ဥပမာ–အဝတ်လျှော်စက်၊ လျှပ်စစ်မီးပူ၊ ဂက်စ်မီးဖို၊ ဖုန်စုပ်စက်)များ သုံးစွဲခြင်း၊
- အိမ်တွင်းအမှုကိစ္စများကို ကိုယ်တိုင်မလုပ်ဘဲ အခြားသူများပြုလုပ်စေခြင်း၊
- အိပ်ချိန်များခြင်း၊
- လမ်းမလျှောက်ဘဲ စက်တပ်ယာဉ်အသုံးများခြင်း၊
- အားလပ်ချိန်များတွင် လေ့ကျင့်ခန်း ပြုလုပ်မှုမရှိခြင်း။

တစ်နေ့တာအတွက် လိုအပ်သောအင်အားဓာတ်သည် လူတစ်ဦးစီ၏ ပင်ကို ဇီဝကမ္မချေဖျက်ခြင်း(Metabolism)နှင့် ကိုယ်လက်လှုပ်ရှားမှုအပေါ် မူတည်သည်။ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ပုံနှိပ်ဖော်ပြချက်များသည် ပြည်သူ များအကြားတွင် အဓိကမီဒီယာများ ဖြစ်ကြသည်။ ယင်းမီဒီယာများသည် ယခင်ရှိပြီးနှင့် အသစ်အဆန်း အစားအစာများနှင့် ပတ်သက်၍ အချက်အလက် များကို ဖြန့်ဖြူးပေးပြီး စားသောက်မှုပုံစံ ပြောင်းလဲမှုများကို ဖြစ်စေသည်။

အောက်ပါအချက်အလက်များကို ပြုလုပ်ခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။

**လှုပ်ရှားမှုများသော နေထိုင်မှုပုံစံ**

( ၁ ) အိမ်တွင်းအမှုကိစ္စများကို ကိုယ်တိုင်လုပ်ပါ။ ဓာတ်လှေကားနှင့် ရွေ့လျား စက်လှေကားကို မသုံးဘဲ ရိုးရိုးလှေကားဖြင့် အတက်အဆင်းပြုပါ။ ဈေးသွား၊ အလုပ်သွား၊ ကျောင်းသွားလျှင် လမ်းလျှောက်ပါ။ ပန်းပင် ရေလောင်းပါ။ ပန်းပင်စိုက်ပါ။ ကလေးများနှင့် ဆော့ကစားပါ။

( ၂ ) ရုပ်မြင်သံကြားကြည့်ခြင်း၊ ကွန်ပျူတာဂိမ်းကစားခြင်းများ၊ တယ်လီဖုန်း ပြောခြင်းအချိန်များကို လျှော့ချပါ။

( ၃ ) ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ပို၍စားသုံးပါ။

( ၄ ) အင်အားဓာတ်များပြားပြီး ကျန်အာဟာရဓာတ်နည်းပါးသော အစားအစာ များ စားခြင်းကို ထိန်းချုပ်ပါ။ (ဥပမာ–ထုပ်ပိုးထားသော အစားအစာများ၊ ရေခဲမုန့်၊ ချောကလက် စသည်)

**ပါမောက္ခဒေါက်တာပိုင်စိုး**
**(ဆေးသုတေသနဦးစီးဌာန)**

( ၅ ) အဆီများများဖြင့် ပြုလုပ်ထားသော အစားအစာများ စားသောက်ခြင်းကို ဆင်ခြင်ပါ။

( ၆ ) ဆီများသော လက်ဖက်သုပ်၊ နန်းကြီးသုပ်၊ ထိုးမုန့်ကဲ့သို့သော မြန်မာ့ ရိုးရာမုန့်များစားခြင်းကို ထိန်းချုပ်ပါ။

( ၇ ) လုပ်ငန်းခွင်၊ ကျောင်းနှင့်ပတ်ဝန်းကျင်တွင် လှုပ်ရှားမှုများသော နေထိုင်မှု များကို ပြုလုပ်ပါ။

( ၈ ) ပြင်ပတွင် စားသောက်ခြင်းမပြုဘဲ အိမ်တွင် စားသောက်ပါ။

( ၉ ) ကလေးများကို အင်အားဓာတ်များပြားပြီး ကျန်အာဟာရဓာတ်နည်းပါး သော အစားအစာများစားသုံးမှုကို ထိန်းချုပ်ပါ။

(၁၀) ကျန်းမာသော အစားအစာများကို ရွေးချယ်စားသောက်တတ်စေရန် ပညာပေးပါ။

(၁၁) အားကစားနှင့် လှုပ်ရှားမှုများသော ကစားနည်းများကို ပြုလုပ်ပါ။

**အဝလွန်ခြင်းကို ကုသခြင်းနည်းလမ်းများ**

အဝလွန်ခြင်းကို ကုသရာတွင် အစားအစာဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုခြင်းဖြင့်၊ အပြုအမူများကို ပြုပြင်ပြောင်းလဲခြင်းဖြင့်၊ ဆေးဝါးဖြင့် ခွဲစိတ်ကုသခြင်းဖြင့် ဟူ၍ ကုသနည်းအမျိုးမျိုးရှိသည်။ သို့ရာတွင် တတ်ကျွမ်း သည့် ဆရာဝန်များဖြင့်မဟုတ်ဘဲ မမှန်ကန်သော ကိုယ်အလေးချိန်ချနည်းသည် လည်းကောင်း၊ ကြော်ငြာမျိုးစုံ၏ ဆွဲဆောင်မှုကြောင့်လည်းကောင်း ကိုယ်အလေး ချိန်ချပေးခြင်းများ ရှိနေပါ၍ အထူးဂရုပြု ရှောင်ကြဉ်သင့်သည်။

**ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း**

လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းသည် ကိုယ်အလေးချိန်လျှော့ကျခြင်းနှင့် ထိန်းသိမ်းရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ဤကဲ့သို့ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရောဂါအမျိုးမျိုး ဖြစ်စေခြင်းမှ ကာကွယ်နိုင်ရုံမက ကိုယ်ခန္ဓာကိုလည်း ကျန်းမာစေသည်။ ကျန်းမာရေးအတွက် တစ်နေ့လျှင် မိနစ်၂၀မှ မိနစ်၃၀အထိ ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်ခန့် အေရိုးဗစ် လေ့ကျင့်ခန်းနှင့် ကြွက်သားသန်မာစေသော လေ့ကျင့်ခန်းမျိုးကို ပြုလုပ်သင့်သည်။ အေရိုးဗစ် လေ့ကျင့်ခန်းများမှာ လမ်းမှန်မှန်လျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ အေရိုးဗစ်ကခြင်း၊ လှေလှော်ခြင်း၊ အေရိုးဗစ် ပစ္စည်းများအသုံးပြု၍ လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ ဖြစ်ကြသည်။

ဤကဲ့သို့လေ့ကျင့်ခန်းများ မပြုလုပ်နိုင်ပါက တစ်ကြိမ်လျှင် အနည်းဆုံး ငါးမိနစ်ခန့်ကြာမျှ မြန်မြန်လမ်းလျှောက်ခြင်းကို တစ်နေ့လျှင် စုစုပေါင်း မိနစ် ၃၀ခန့် ပြုလုပ်ပေးပါက ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည်။ အဝလွန်သူများအတွက်မူ လေ့ကျင့်ခန်းပြုလုပ်ရာတွင် အစပိုင်း၌ ဖြည်းညင်းစွာ ပြုလုပ်၍ တဖြည်းဖြည်း ပြင်းထန်သော လေ့ကျင့်ခန်းမျိုးကိုသာ ပြုလုပ်သင့် သည်။ အထိုင်များခြင်းကို ရှောင်ရှားခြင်းသည်လည်း လေ့ကျင့်ခန်းပြုလုပ်ခြင်း တစ်မျိုးပင် ဖြစ်သည်။

**ဆေးဝါးဖြင့်ကုသခြင်း**

အချို့သော အဝလွန်သူများကို အစားအစာဖြင့်ကုသခြင်း၊ ကိုယ်လက် လှုပ်ရှားမှု တိုးမြှင့်ခြင်းနှင့် အပြုအမူ ပြောင်းလဲခြင်းတို့ဖြင့်တွဲ၍ ဆေးဝါးဖြင့် ကုသခြင်းသည် ကိုယ်အလေးချိန်ကို လျော့ကျစေကာ ပို၍ထိရောက်မှုရှိသည်။ ကိုယ်အလေးချိန် လျော့စေသောဆေးများကို တတ်ကျွမ်းသော ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးသင့်သည်။ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေး ဌာနမှ ခွင့်ပြုချက်မရှိသော ဆေးဝါးများကို လုံးဝမသောက်သုံးသင့်ပါ။ အချို့သောဆေးများသည် ရေရှည်သုံးလျှင် အသက်အန္တရာယ်အတွက် ဆိုးကျိုး များ ဖြစ်စေနိုင်သည်။

**အဝလွန်ခြင်းကို ကုသရာတွင် သတိပြုရမည့်အချက်များ–**

- တတ်ကျွမ်းသည့် ဆရာဝန်များနှင့် ပထမဦးစွာ တိုင်ပင်ရန်၊
- ရက်သတ္တတစ်ပတ်လျှင် ကိုယ်အလေးချိန် တစ်ပေါင်မှ နှစ်ပေါင်ခန့်အထိ သာ လျော့ကျစေရန်၊
- မိမိခန္ဓာကိုယ်အတွက် တစ်နေ့လျှင် လိုအပ်သည့် အင်အားဓာတ် ၅၀၀မှ ၁၀၀၀ခန့်သာ လျှော့စားရန်၊ အင်အားဓာတ် လွန်စွာနည်းသော အစား အစာများစားခြင်း၊ စွပ်ပြုတ်ရည်သက်သက်ကိုသာ သောက်ခြင်းများကို ရှောင်ကြဉ်ရန်၊
- အဆီဓာတ်များသော (ထောပတ်၊ ဒိန်ခဲ၊ မလိုင်စသည့်) အစားအစာများ၊ ချိုလွန်းသော အစားအစာများကို လုံးဝလျှော့စားရန်၊
- အစားအစာများကို ကြော်ခြင်း၊ ဆီပြန်ဟင်းချက်ခြင်းများ တတ်နိုင်သမျှ လျှော့ကာ ပေါင်းခြင်း၊ ပြုတ်ခြင်း၊ ကင်ခြင်းနည်းများဖြင့်သာ ပိုမိုချက်ပြုတ် ရန်၊
- ကြက်၊ ဘဲ၊ ဝက်၊ အမဲ၊ ဆိတ်စသည်တို့၏ အရေခွံများ၊ အသားတွင် ကပ်နေသော အဖြူရောင်အဆီများကို ဖယ်ရှား၍ ချက်ပြုတ်ရန်၊
- အချိန်ကြာမြင့်စွာ ရုပ်မြင်သံကြားကြည့်ခြင်း၊ ကွန်ပျူတာအသုံးပြုခြင်း၊ တယ်လီဖုန်းပြောခြင်းစသည့် ကိုယ်လက်လှုပ်ရှားမှုမရှိသည့် နေထိုင်မှု ပုံစံများကို လျှော့ရန်၊
- ဓာတ်လှေကား၊ ရွေ့လျားစက်လှေကား အသုံးပြုမည့်အစား ရိုးရိုးလှေကား ဖြင့် အတက်အဆင်းပြုလုပ်ရန်၊
- အိမ်တွင်းမှုကိစ္စများကို ဝိုင်းဝန်းဆောင်ရွက်ရန်၊
- ရုပ်မြင်သံကြားကြည့်စဉ်၊ ကွန်ပျူတာဂိမ်းကစားစဉ် အစာစားသည့် အကျင့်ကို ဖျောက်ရန်၊
- အိမ်အနီးအနား၊ ဈေး၊ မုန့်ဆိုင်စသည်သို့ သွားလျှင် လမ်းလျှောက်၍ သွားရန်၊
- အတန်အသင့် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု ကစားခြင်းမျိုးကို တစ်နေ့လျှင် တစ်နာရီခန့် လုပ်ဆောင်ပေးရန်၊ (ဥပမာ–လမ်းမြန်မြန် လျှောက်ခြင်း)
- ကိုယ်လက်လှုပ်ရှားကစားခြင်းကို ရက်သတ္တတစ်ပတ်လျှင် လေးရက်မှ ခြောက်ရက်ခန့် လုပ်ဆောင်ရန်၊
- အစားအသောက် အနေအထိုင်ဆင်ခြင်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းများ ပြုလုပ်သော်လည်း ခန္ဓာကိုယ်အလေးချိန် မကျမှသာလျှင် တတ်ကျွမ်း သည့်ဆရာဝန်များ ညွှန်ကြားသည့်အတိုင်း သင့်လျော်သည့်ဆေးများကို သောက်သုံးရန်နှင့် တတ်ကျွမ်းသည့်ဆရာဝန် ညွှန်ကြားသည့် အချိန်၊ ကာလ၊ ပမာဏအထိသာ သောက်သုံးရန်၊
- တတ်ကျွမ်းသည့်ဆရာဝန်မဟုတ်သောသူများမှ ပြောဆိုသောကြောင့်လည်း ကောင်း၊ တစ်ဆင့်စကားကြား၍သော်လည်းကောင်း၊ သတင်းအတိုအထွာ များ ဖတ်၍သော်လည်းကောင်း၊ ကြော်ငြာများကြောင့်သော်လည်းကောင်း၊ ပိန်ဆေးများသောက်သုံးခြင်းကို လုံးဝမပြုလုပ်ရန်၊
- ကိုယ်အလေးချိန် အမြန်ချသောနည်းများကို မပြုလုပ်ရန်။

နှစ်စဉ် နိုဝင်ဘာလ ၁၄ ရက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာ့ဆီးချို သွေးချိုရောဂါနေ့အဖြစ် သတ်မှတ်ထားပြီး ယခု ၂၀၀၄ခုနှစ်အတွက် ဆောင်ပုဒ်မှာ Fight Obesity, Prevent Diabetes ဖြစ်သည်။ ဤဆောင်ပုဒ်အရ **ဆီးချို သွေးချိုရောဂါစသည်များ မဖြစ်ပေါ်ရန်နှင့် ကာကွယ်ကုသရန်အတွက် အဝလွန် ခြင်းကို ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်သည်။ အဝလွန်ရောဂါ မဖြစ်စေရန် အစားအစာဖြင့် ကုသခြင်း၊ အပြုအမူများကို ပြုပြင်ပြောင်းလဲခြင်း၊ ဆေးဝါးဖြင့် ကုသခြင်း၊ ခွဲစိတ်ကုသခြင်းနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်း စသည်တို့အနက် အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး နည်းလမ်းမှာ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းပင် ဖြစ်သည်။ လေ့ကျင့်ခန်းပြုလုပ်ရာ၌လည်း ခန္ဓာကိုယ်ပင်ပန်းပြီး အန္တရာယ်ဖြစ်စေတတ်သော မိမိနှင့် မသင့်လျော်သည့် လေ့ကျင့်ခန်းမျိုးကို ရှောင်ရှားကာ လူတိုင်းအတွက် သင့်လျော်သည့် မြန်မြန် လမ်းလျှောက်ခြင်းကို တတ်နိုင်သမျှ ရက်သတ္တတစ်ပတ်တွင် အချိန်များများပေး ပြုလုပ်သင့်သည်။**

သို့အတွက် အဝလွန်ခြင်းကြောင့် အသက်အန္တရာယ်ဖြစ်စေနိုင်ခြင်းကို သိရှိကြကာ မိမိနှင့်သင့်လျော်သည့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး အစားအစာ စားသောက်မှုပုံစံများပြုပြင်သင့်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

**ဆီးချိုသွေးချိုရောဂါစသည်များ မဖြစ်ပေါ်ရန်နှင့် ကာကွယ်ကုသရန်အတွက် အဝလွန်ခြင်းကို ကြိုတင် တားဆီးကာကွယ်ရမည်ဖြစ်သည်။ အဝလွန်ရောဂါမဖြစ်စေရန် အစားအစာဖြင့် ကုသခြင်း၊ အပြုအမူများကို ပြုပြင်ပြောင်းလဲခြင်း၊ ဆေးဝါးဖြင့်ကုသခြင်း၊ ခွဲစိတ်ကုသခြင်းနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်း စသည်တို့အနက် အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးနည်းလမ်းမှာ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းပင် ဖြစ်သည်။ လေ့ကျင့်ခန်း ပြုလုပ်ရာ၌လည်း ခန္ဓာကိုယ်ပင်ပန်းပြီး အန္တရာယ်ဖြစ်စေတတ်သော မိမိနှင့် မသင့်လျော်သည့် လေ့ကျင့်ခန်းမျိုးကို ရှောင်ရှားကာ လူတိုင်းအတွက် သင့်လျော်သည့် မြန်မြန်လမ်းလျှောက်ခြင်းကို တတ်နိုင်သမျှ ရက်သတ္တတစ်ပတ်တွင် အချိန်များများပေး ပြုလုပ်သင့်သည်။**

14-11 (10).p65 1 3/24/05, 4:39 PM



**လက်ဆောင်ပစ္စည်းပေးအပ်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဟောင်သရောအထူးဒေသအဖွဲ့ ခေါင်းဆောင် ဦးစောသမူဟဲနှင့် အဖွဲ့အတွင်းရေးမှူး ဦးမန်းအောင်တင် မြင့် တို့ အားတရင်းတနှီးတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၉ မှ*

## ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဟောင်သရောအထူးဒေသအဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်ပြည်သစ်ပါတီမှ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ထောမွန်၊ဒုတိယဥက္ကဋ္ဌ(၂)နိုင်ရှေ့စနှင့် အဖွဲ့ဝင်များအား ည ၇နာရီတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အဏ္ဏဝါရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

## ကူညီပံ့ပိုးပေးမည်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်တွင် လတ်တလော ပြောင်းလဲဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ယခင်ကထားရှိပြီးဖြစ်သည့် သဘောထားများအတိုင်း အပြောင်းအလဲမရှိ ဆက်လက်လက်တွဲ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အကြီးအကဲက တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် မိမိတို့ အဖွဲ့အစည်းများ စားဝတ်နေရေး အဆင်ပြေပြေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ အသေးစား စက်မှုလုပ်ငန်းများ ထူထောင်သွားရေး၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေးကို အကြံပြု တိုက်တွန်းပြောကြားရန် မိမိအား တာဝန်ပေးအပ်လိုက်ပါကြောင်း။

## အလေးထားဆောင်ရွက်

ထို့ပြင် မိမိတို့နိုင်ငံသည် သဘာဝသယံဇာတ အရင်းအနှီးများစွာ ပြည့်စုံလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများစွာရှိနေသည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့၏ သဘာဝသယံဇာတ အရင်းအမြစ်များကို အကျိုးရှိအောင် ထုတ်ယူသုံးစွဲပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်ပေးကြမည့် လူသားစွမ်းရည် အရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ အောင်မြင်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်မိမိတို့ဒေသရှိ လူငယ်လူရွယ်များ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အလေးထား ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မွန်ပြည်သစ်ပါတီအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ထောမွန် ခေါင်းဆောင်သောအဖွဲ့အား တွေ့ဆုံပွဲအပြီးတွင် လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)**

## ဆက်လက်ကျင်းပမည်

ထို့ပြင် နိုင်ငံတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းကြေညာထားပြီးဖြစ်ကြောင်း၊ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်မှာ နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များဖြစ်၍ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာကျင်းပသွားမှာဖြစ်ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကြေညာထားသည့်အတိုင်း ဆက်လက် ကျင်းပသွားမှာ ဖြစ်ကြောင်း။

တိုင်းရင်းသား အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေတိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်သူများ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝခံစားရရှိပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာရှာဖွေဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

## ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် မွန်ပြည်သစ်ပါတီအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ထောမွန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် ပါဝင်လက်တွဲဆောင်ရွက်သွားမည့် အခြေအနေနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်ပြည်သစ်ပါတီအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ထောမွန်နှင့် အဖွဲ့ဝင်များအား အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့်လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဟောင်သရောအထူးဒေသအဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲနှင့် အဖွဲ့အတွင်းရေးမှူး ဦးမန်းအောင်တင်မြင့်တို့အား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညပိုင်းတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် သံလွင်တံတား(မော်လမြိုင်)သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီးများ ဖြစ်ကြသော ဦးမျိုးဝင်းနှင့် ဦးတင့်လွင်တို့က တံတားကြီး တည်ဆောက်ပြီးစီးမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

## သံလွင်တံတားကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်)မော်လမြိုင်ဘက်ကမ်းမှ မုတ္တမဘက်ကမ်းအထိ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

သံလွင်တံတား (မော်လမြိုင်)မှာ ကားလမ်းပင်မတံတားအရှည် ၇၆၉၉ ပေ၊ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတား ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား ၂၂၅၂ ပေ၊ စုစုပေါင်းကားလမ်းအရှည်၁၁၅၇၅ပေရှိသည်။ ရထားလမ်း ရေလယ်ပင်မတံတား ၇၆၉၉ ပေ၊ မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတား ၈၇၁၆ ပေနှင့် မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား ၁၀၀၅၁ ပေ စုစုပေါင်း ၂၆၄၆၆ ပေ အရှည်ရှိသည်။

## အကြီးဆုံးတံတားကြီး

သံလွင်တံတား (မော်လမြိုင်) တံတားကြီးပြီးစီးပါက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် မြန်မာနိုင်ငံတွင် အရှည်ဆုံး၊အကြီးဆုံးနှင့်တန်ဖိုးအရှိဆုံး တံတားကြီးဖြစ်လာမည်ဖြစ်သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## အထက(၄)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၃**

အထက(၄)ဗိုလ်တထောင် (ယခင်အလက(၁)ဗိုလ်တထောင်၊ ဘရန့်(ချ်)ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီတွင် အထက(၄) ဗိုလ်တထောင်ကျောင်းရှိ သီရိမာလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်း ဖုန်း–၂၉၄၁၂၇၊ ဒေါ်တင်တင်ဝင်း ဖုန်း–၂၉၉၇၈၁၊ ဒေါ်တင်မာအုန်း ဖုန်း–၂၉၄၁၅၄၊ ဒေါ်စန်းစန်းလှ ဖုန်း– ၂၉၃၁၉၇ နှင့် ဒေါ်မြင့်မြင့်ဦး ဖုန်း–၂၉၉၇၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# နွေစပါးစိုက်ပျိုးရေး စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆောင်ရွက်ထားမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်ဆေး

# သဘာဝဓာတ်ငွေ့သုံး ရေတင်စက်များ အသုံးချနိုင်ရေး ထုတ်လုပ်သွားရန်ဆောင်ရွက်ပေး

ရန်ကုန် နိုဝင်ဘာ ၁၃

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင်သို့သွားရောက်၍ နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ပေးဝေနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်-ပဲခူး ခြောက်လမ်းသွား လမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီး ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်မြေသို့ ရောက်ရှိလာရာ မင်္ဂလာဒုံ တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းသိန်းနှင့် တပ်နယ်မှူးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်ယာမြေ၌ နွေစပါးခင်းများတွင် စိုက်ပျိုးရေတင်နိုင်ရေးအတွက် ဒီဇယ်ရေတင်စက်များအစား ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်သည့် သဘာဝဓာတ်ငွေ့ (CNG)သုံး ရေတင်စက်ဖြင့် ရေတင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မင်္ဂလာဒုံ တပ်နယ်မှ ဗိုလ်မှူးကြီး ထွန်းကြည်က ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သယ်ပို့/စက်ပြင်ဌာနနှင့် ရွှေထွန်းကုမ္ပဏီလီမိတက်တို့မှ Nissan Suny D-120 အင်ဂျင်အား သဘာဝဓာတ်ငွေ့(CNG)သုံး အင်ဂျင်အဖြစ် ပြောင်းလဲပြီး ခြောက်လက်မပန့်ကို အသုံးပြုကာ တစ်မိနစ်လျှင် ရေဂါလန် ၁၀၀၀အထိ တင်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စီမံဆောင်ရွက်ပေး**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက နွေစပါးစိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးရေပေးဝေနိုင်သည့် သဘာဝဓာတ်ငွေ့ (CNG)သုံး ရေတင်စက်များကို ဒေသခံတောင်သူလယ်သမားများ အမြောက်အမြားအသုံးချနိုင်ရေး ထုတ်လုပ်သွားရန် စီမံဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ လယ်ယာမြေတွင် မိုးစပါးစိုက်ပျိုးဖြစ်ထွန်းနေမှု၊ စက်ယန္တရားများ အသုံးပြုပြီး မိုးစပါးရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီး မိုးစပါးများ စက်ယန္တရားများ အသုံးပြုပြီး ခြွေလှေ့နေမှု၊လယ်ယာမြေကန်သင်းနှင့် မြောင်းပေါင်များ၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မိုးစပါးရိတ်သိမ်းပြီး လယ်ယာမြေများတွင် နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် လယ်ယာမြေရှင်းလင်းဆောင်၌ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးထွန်းကြည်က နွေစပါးခင်းများ စိုက်ပျိုးရေပေးဝေနိုင်ရန် ဒီဇယ်ဆီသုံးအင်ဂျင်များအစား ကုန်ကျစရိတ်သက်သာသည့် သဘာဝဓာတ်ငွေ့(CNG )သုံး အင်ဂျင်များ အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေတင်စက်နှင့်ပတ်သက်၍ အချက်အလက်အသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးမင်းဆွေက သဘာဝဓာတ်ငွေ့(CNG)သုံး အင်ဂျင်များဖြင့် အသုံးပြုထားသည့် ရေတင်စက်များ၏အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုးက မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ဘားလားဒေသ၊ စမ်းကြီးဝဒေသတို့၌ လျှပ်စစ်ဓာတ်အားရရှိမည့်နေရာများ၌ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများ ဆောင်ရွက်မည့် ခြေအနေများကိုလည်းကောင်း၊ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်မည့်နေရာများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ရေခေါ်မြောင်း၊ ရေသွင်းမြောင်းများ ဆောင်ရွက်ရမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ယခုအခါလျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိလာပြီဖြစ်၍ လျှပ်စစ်ဓာတ်အားလိုင်းရရှိသည့်နေရာများတွင် နွေစပါးစိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ပုဂ္ဂလိကတစ်ပိုင်တစ်နိုင် လျှပ်စစ်ရေတင်စက်များဆောင်ရွက်နိုင်ရေး ကူညီဖြည့်ပေးမည့်အခြေအနေများနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိသည့် လယ်မြေမှန်သမျှ နွေစပါးအပြည့်အဝစိုက်ပျိုးကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေးအထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အထူးဇုန်(၁)တာဝန်ခံ ရန်ကုန်တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်း၊အထူးဇုန်(၂)တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းနိုင်နှင့်အထူးဇုန်(၃) တာဝန်ခံတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းတို့က သက်ဆိုင်ရာအထူးဇုန်များအလိုက် မြေပြုပြင်ပြီးစီးမှု၊ ဟင်းသီးဟင်းရွက်များစိုက်ပျိုးထားရှိမှု၊အသားစားကြက်၊ဥစားကြက်နှင့်ငါးများမွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေး အထူးဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အထူးဇုန်များအတွင်း လမ်းများပြုပြင်ထားရှိမှု ရေရှည်ခိုင်ခံ့စေရေးထိန်းသိမ်းဆောင်ရွက်နေမှုနှင့် ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးများ စိုက်ပျိုးမွေးမြူထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက အထူးဇုန်အတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ကလီထော်ရေလှောင်တမံနှင့် ငမိုးရိပ် ရေလှောင်တမံ လယ်ယာမြောင်းတို့မှ စိုက်ပျိုးရေများ ပေးဝေနေမှုနှင့် ရေမြောင်းများ ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဆက်သွယ်ရေးမန်နေဂျာ ဦးစောမူဒေးလူက အထူးဇုန်များရှိ တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများ အစဉ်ကောင်းမွန်စေရေး ကြပ်မတ်နေမှုနှင့် တယ်လီဖုန်းအသစ်များ တိုးချဲ့တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးလှပိုင်က အထူးဇုန်အတွင်း လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များက ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်၊ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကူညီဖြည့်ဆည်းပေးရမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယင်းအထူးဇုန်ကြီးတွင် တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များကို တစ်ယူနစ်လျှင် မြေငါးဧကနှုန်းဖြင့် အခမဲ့ လုပ်ကိုင်ခွင့်ပေးထားခြင်းဖြစ်ကြောင်း၊ ယခုအခါ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် အသင့်တော်ဆုံးရာသီ ရောက်ရှိလာပြီဖြစ်၍ ကွက်လပ်မကျန် စိုက်ပျိုးကြရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**ဖြည့်ဆည်းပေး**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အထူးဇုန်(၂)မျှော်စင်ပေါ်မှနေ၍ အထူးဇုန်(၂)အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း အထူးဇုန်(၂) အတွင်း စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်ရေး၊ မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပိုက်ပြွန်တံတားများအစား Box Calvert များဖြင့် အစားထိုးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဦးမောင်လှကြီး၏ ကြက်မွေးမြူရေးခြံအတွင်း ဥစားကြက်များ Battery Cage စံနစ်ဖြင့် မွေးမြူဖြစ်ထွန်းနေမှုအခြေအနေများကိုလည်းကောင်း၊ အထူးဇုန်များအတွင်း တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ဟင်းသီးဟင်းရွက်စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကိုလည်းကောင်း၊ အထူးဇုန်(၃)အတွင်း အထူးဇုန်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြသူများ၏ သားသမီးများ ပညာသင်ကြားနိုင်ရန် အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**



**ရန်ကုန် နာရေးကူညီမှုအသင်းအတွက် ရေဝေးသုသာန်တွင် နာရေးမော်တော်ယာဉ်များ ထားရှိရန်နှင့် အသင်းရုံးခွဲအဖြစ်နာရေး ကူညီမှုလုပ်ငန်းများဆောင်ရွက် ရန်အတွက် တန်ဖိုး ငွေ ၈၅၄၇၅၈၉ ကျပ် ရှိပြီး ၄၅ ပေ x ပေ ၃၀ အကျယ်အဝန်းရှိ အဆောက်အအုံနှင့်အဝီစိတွင်းတစ်တွင်းကို နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးကိုကိုအေး-ဒေါ်သီသီနိုင် မိသားစုက နိုဝင်ဘာ ၁၁ရက်က ရန်ကုန်နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲ

# အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် ဆုရသူများ အမည်စာရင်းထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၁၃

**၂၀၀၄ ခုနှစ် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေအထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ရာ အခြေခံပညာအထက်တန်းနှင့် အခြေခံပညာအလယ်တန်းများမှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။**

**အထက်တန်းအဆင့်**

အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်း ပုသိမ် အလက(၆) အဋ္ဌမတန်းမှ မနှင်းယုထွေးက ပထမ၊ ပဲခူးတိုင်း(အရှေ့) တောင်ငူ အထက(၁) နဝမတန်းမှ မဆန်းစန္ဒာဝင်းက ဒုတိယ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူ အလက(၂) အဋ္ဌမတန်းမှ မငုဝါက တတိယ အသီးသီး ရရှိကြပြီး နှစ်သိမ့်ဆုများကို ရခိုင်ပြည်နယ် မောင်တော အထက ဒသမတန်းမှ မောင်အောင်နိုင်၊ ကချင်ပြည်နယ် မိုးကောင်း အထက(၂)အဋ္ဌမတန်းမှ မနေနွယ်အောင်၊ ချင်းပြည်နယ် တီးတိန် အထက(၁) နဝမတန်းမှ မောင်ပေါင်ဒိတ်လျန်း၊ပဲခူးတိုင်း(အနောက်) သုံးဆယ် အထက အဋ္ဌမတန်းမှ မဝင့်ဝါဖြိုး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယ အထက နဝမတန်းမှ မချိုသက်ဇွန်၊ စစ်ကိုင်းတိုင်း မင်းကင်း အထက နဝမတန်းမှ မခင်ခင်ကျော်၊ မကွေးတိုင်း ထီးလင်း အထက ဒသမတန်းမှ မောင်ဇော်မင်းဟိန်း၊ ရန်ကုန်တိုင်း ကျောက်တန်း အထက(ခွဲ) ကျုံကန် နဝမတန်းမှ မောင်အောင်မျိုးကြွယ်၊ မန္တလေးတိုင်း ပြည်ကြီးတံခွန် အလက(၂၂) အဋ္ဌမတန်းမှ မချောစု၊ မွန်ပြည်နယ် သံဖြူဇရပ် အထက(၁) ဒသမတန်းမှ မနှင်းဝတ်ရည်၊ တနင်္သာရီတိုင်း ပုလော အထက အဋ္ဌမတန်းမှ မောင်စစ်မင်းဟိန်း၊ ကယားပြည်နယ် ဖရူဆို အထက နဝမတန်းမှ မယဉ်မင်းနိုင်၊ ကရင်ပြည်နယ် သံတောင် အထက အဋ္ဌမတန်းမှ မနော်ဆရီးသလေဖောနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ် အထက ဒသမတန်းမှ မနန်းဥမ္မာတို့က အသီးသီးရရှိကြသည်။

**အလယ်တန်းအဆင့်**

အခြေခံပညာ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်း၊ ပုသိမ် အလက(၁) ဆဋ္ဌမတန်းမှ မောင်ကျော်ခိုင်ထက်က ပထမ၊ ရန်ကုန်တိုင်း ကျောက်တန်း အလက(မြို့မ) သတ္တမတန်းမှ မသဇင်သက်စုတင်က ဒုတိယ၊ မွန်ပြည်နယ် သံဖြူဇရပ် အထက(၂) သတ္တမတန်းမှ မနော်ဖြူဖြူစင်က တတိယ အသီးသီးရရှိကြပြီး နှစ်သိမ့်ဆုများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်း အထက မန်ကတ် သတ္တမတန်းမှ မအိသက်ဝေ၊ ပဲခူးတိုင်း (အရှေ့) တောင်ငူ အထက(၁) သတ္တမတန်းမှ မအိမ့်အိမ့်ဖူး၊ ရခိုင်ပြည်နယ် မောင်တော အလက(၁) သတ္တမတန်းမှ မောင်တင်ဝင်း၊ ချင်းပြည်နယ် ထန်တလန် အထက ပဉ္စမတန်းမှ မောင်အာကာဝေယံစိုး၊ ကချင်ပြည်နယ် ဆိပ်မူအလက ဆဋ္ဌမတန်းမှ မစုလှိုင်နှင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ် အလက ဟိုနား သတ္တမတန်းမှ စိုင်းသောမတ်ခမ်း၊ စစ်ကိုင်းတိုင်း ဗန်းမောက် အထက သတ္တမတန်းမှ မအိမ့်မွန်ဦး၊ မန္တလေးတိုင်း ပြည်ကြီးတံခွန် အလက (၂၂) သတ္တမတန်းမှ မရတနာဖြိုး၊ ပဲခူးတိုင်း (အနောက်)မင်းလှ အလက ဆဋ္ဌမတန်းမှ မောင်သက်မြင့်ထွန်း၊ မကွေးတိုင်း မင်းတုန်း အထက သတ္တမတန်းမှ မယုယုနိုင်၊ တနင်္သာရီတိုင်း ပုလော အလက သတ္တမတန်းမှ မပေါမာန်နှင်း၊ ကယားပြည်နယ် ဖရူဆို အထက သတ္တမတန်းမှ မကေဇင်လတ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယ အလက ဆဋ္ဌမတန်းမှ မောင်အိုင်ခန့်ကိုနှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး အထက ပဉ္စမတန်းမှ မဝင့်ဝင့်စံ တို့က အသီးသီးရရှိကြသည်။

**ဆုချီးမြှင့်မည်**

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို စာဆိုတော်နေ့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၂ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့် မည်ဖြစ်သည်။ နှစ်သိမ့်ဆုရရှိသူများကို စာတိုက် ငွေပို့လွှာဖြင့် ဆုငွေများ ချီးမြှင့်သွားမည် ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၀ရက် အစမ်းလေ့ကျင့်ပွဲ တက်ရောက်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ရက် ရုံးချိန်အတွင်း ဦးကိုကိုထွေး၊ အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာအသံနှင့် ရုပ်မြင်သံကြားထံ လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**စက်တင်ဘာ ၈ ရက်က လူမှုဝန်ထမ်း ဦးစီးဌာန အမှတ်(၅) မူလတန်း ကြိုကျောင်း တာမွေမြို့နယ် ကျောင်းခန်းမဆောင်၌ ကျင်းပ သောရင်သွေးငယ်တို့၏ ကျောင်းတွင်း ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် အတန်းခွဲ (ဒီ)မှ မဆုနှင်းလွှင်က အငယ်ဆင့် ကဗျာပြိုင်ပွဲတွင် မနှင်းဆီကဗျာဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။** (က-ပ)

# နိုင်ငံတော်သြဝါဒါစရိယ ရာမညတိုင်း ပုသိမ်အနောက်မြို့နယ် ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇာဂရိယ(အဂ္ဂမဟာပဏ္ဍိတ)၏

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် နိုဝင်ဘာ ၁၃



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ဝက်ကိုက်ချောင်းရွာ ခမည်းတော် ဦးမောင်ထွန်းဦး၊ မယ်တော် ဒေါ်ဝဲထူမတို့က ၁၂၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်(အင်္ဂါနေ့)၌ ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ်တွင် ဝက်ကိုက်ချောင်းရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၁ ခုနှစ် နတ်တော်လပြည့်နေ့ နံနက် ၈ နာရီ၁၅ မိနစ်အချိန်တွင် ပုန်းဆိုးပြင် ကျောင်းဆရာတော် ဦးဝိဇယကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဝက်ကိုက်ချောင်း ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ဝက်ကိုက်ချောင်းကျောင်းဆရာတော် ဦးမေဓာ၊ စစ်တွေမြို့ ပုသိမ်ဆရာတော် ဦးဂရုဝံသ၊ ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော်ဦးကောဏ္ဍညနှင့် ဗားကရာပရိယတ္တိတိုက်ကျောင်းဆရာတော်ဦးကေသရတို့အထံ၌ ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရဟန်းဝါတော် ငါးဝါရသည်မှစ၍ ရမ်းဗြဲမြို့နယ် ဝက်ကိုက်ချောင်းကျောင်းနှင့် ကျောင်းပေါင်းကိုးကျောင်းတို့၌ တပည့် ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၍ လည်းကောင်း၊ ပုသိမ်မြို့ ပစ္ဆိမာရုံစာသင်တိုက်၌ တပည့် ရဟန်း သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၍ လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ် ပုသိမ်မြို့၊ ရွှေမုဋ္ဌောစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သြဝါဒါစရိယအဖြစ်၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါအရ ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၂ရက်(၁၃–၁၁–၂၀၀၄ရက်)စနေနေ့ မွန်းလွဲ၂နာရီ ၁၅မိနစ်အချိန်တွင် သီတင်းသုံးတော်မူရာ ပစ္ဆိမာရုံကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်တိုင်းစစ်ဌာနချုပ်ဟော်ကီအသင်းအတွက် အားကစားပစ္စည်းနှင့်ငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်မှစတင်ကျင်းပမည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ဟော်ကီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းအတွက် ဟော်ကီတုတ်ချောင်းနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက်က တပ်မတော်မှတ်တမ်းရုံး ဧည့်ခန်းမ၌ ကျင်းပရာ တပ်မတော်မှတ်တမ်းရုံး ဒုတိယတပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကိုကို၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်း ဟော်ကီအထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးကျော်နိုင်၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အဖွဲ့ချုပ် အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ အသင်းအုပ်ချုပ်သူ ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် အဖွဲ့ချုပ် အမှုဆောင်များ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းကိုယ်စား ရုံးအဖွဲ့မှူး ဦးတင်ဝင်းက ကမ္ဘာ့အဆင့်မီ ဟော်ကီတုတ် ၁၀ ချောင်းနှင့် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်း ဟော်ကီအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံယူပြီး **(အပေါ်ပုံ)**ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)

## အေစီမီလန်နှင့် ဆီနာ၊ လက်ချီနှင့် ဂျူဗင်းတပ်တို့ ယနေ့ကစားမည်

ရောမ နိုဝင်ဘာ ၁၃

**အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ၁၄ရက် (ယနေ့)တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ လက်ရှိချန်ပီယံအေစီမီလန်နှင့်ဆီနာ၊ ကယ်ဂလီယာရီနှင့် အင်တာမီလန်၊ လက်ချီနှင့် ဂျူဗင်းတပ်၊ ပါးမားနှင့်ချီယေးဗိုတို့ အပါအဝင် ပွဲပေါင်း ၁၀ပွဲ ကစားကြမည်ဖြစ်သည်။**

### အေစီမီလန်နှင့်ဆီနာ

တန်းစီဇယားတွင် နံပါတ် (၂) နေရာတွင်ရှိနေသည့် အေစီမီလန်နှင့် နံပါတ်(၁၇)နေရာတွင်ရှိနေသော ဆီနာတို့ အေစီမီလန်ကွင်း၌ကစားရမည်ဖြစ်သည်။ အိမ်ကွင်း၌ခြောက်ပွဲကစားပြီး နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးထားသည့်မှတ်တမ်းရှိနေသော လက်ရှိချန်ပီယံအေစီမီလန်သည် အဝေးကွင်း၌ ခြေပေါ်တတ်သည့် ဆီနာကို ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။ သို့သော် အေစီမီလန်တို့ လူစုံထုတ်ကစားမည်ဖြစ်ရာ အေစီမီလန်သာ နိုင်ပွဲရမည် ဖြစ်သည်။

### လက်ချီနှင့်ဂျူဗင်းတပ်

ယခုနှစ်ခြေစွမ်းတက်လာသော လက်ချီသည် အိမ်ကွင်း၌ငါးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရှိနေရာ ထိပ်သီးဂျူဗင်းတပ်ကို နိုင်ပွဲရရေး လူစုံထုတ်ကစားမှ ရမည်ဖြစ်သည်။ ဂျူဗင်းတပ်တို့ အဝေးကွင်း၌တစ်ပွဲရှုံးထားခဲ့ဖူးရာ လက်ချီကိုသတိထားကစားရမည်ဖြစ်သည်။ ဂျူဗင်းတပ်တွင် အီဘရာဟင်မိုဗစ်၊ ဒယ်ပီရာရိုတို့က ဂိုးသွင်းခြေမြူးနေလျက်ရှိရာ ယခုပွဲဂျူဗင်းတပ်တို့သာ နိုင်ပွဲရနိုင်သည်။

### ကယ်ဂလီယာရီနှင့်အင်တာမီလန်

နာမည်ကြီး အင်တာမီလန်တို့ ပုံမှန်ခြေစွမ်းမရသေးဘဲရှိရာ ယခုနှစ်၌အဝေးကွင်းရလဒ်လည်း မကောင်းချေ။ ခြောက်ပွဲကစားပြီး တစ်ပွဲနိုင်၊ ငါးပွဲသရေကျထားသည့် သက်သေပြနေသည်။ အဆင့်(၉)တွင်ရှိနေသော ကယ်ဂလီယာရီသည်လည်း အဝေးကွင်းတွင် နိုင်ပွဲမရရှိသေးဘဲရှိရာ ယခုပွဲအင်တာမီလန်တို့ အနိုင်ရဖွယ်ရှိသည်။

### ပါးမားနှင့်ချီယေးဗို

တန်းစီဇယား၌ အဆင့်(၄)နေရာတွင်ရပ်တည်နေနိုင်သော ချေယေးဗိုကို အဆင့်(၁၇)တွင်ရှိနေသော ပါးမားတို့ လက်ရှိခြေစွမ်းနှင့်အနိုင်ရရေး တော်ရုံကြိုးစား၍မရပေ။ ယခုပွဲပါးမားကွင်း၌ကစားရမည်ဖြစ်သော်လည်း ယခုနှစ်တွင်အိမ်ကွင်းရလဒ်မကောင်းသဖြင့် ချီယေးဗိုကို ခက်ခက်ခဲခဲကြိုးစားကစားမှသာ သရေပွဲမျှသာ ဖြစ်နိုင်ပေသည်။ ချီယေးဗိုတိုက်စစ်မှူးများဖြစ်သည့် တီရီဘိုချီ၊ အက်မာယူရီတို့ဂိုးသွင်းစွမ်းရည် ထက်မြက်နေရာ ပါးမားသရေကျအောင်ပင် အိမ်ကွင်း၌ကြိုးစားရန်းကန်ရမည့် အနေအထားရှိပေသည်။ ။

### အခြားပွဲများ

| | | |
|---|---|---|
| အတ္တလန္တာ | – | ဘရက်ရှား |
| ဖီအိုရင်တီးနား | – | လီဗော်နို |
| လာဇီယို | – | ဘိုလော့နာ |
| ပါလာမို | – | ဆမ့်ဒိုးရီးယား |
| ရက်ဂျီးနား | – | ရိုးမား |
| အူဒီးနီးစ် | – | မက်ဆီနာ |

**(အင်တာနက်)**



**စီးရီးအေပွဲစဉ်(၁၁)အဖြစ် အေစီမီလန်နှင့် ဘရက်ရှားတို့ပွဲတွင် အေစီမီလန်မှ ဆီးဒေါ့ဖ်**(ယာ)**နှင့် ဘရက်ရှားမှ ဘီရာရိုင်ရိုတို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ–အင်တာနက်)

### အဲလ်ဟာတန်မန်နေဂျာ ငါးနှစ်သက်တမ်းတိုးစာချုပ်

လန်ဒန် နိုဝင်ဘာ ၁၃

အဲလ်ဗာတန်မန်နေဂျာ ဒေးဗစ်မိုရက်သည် ၂၀၀၉ခုနှစ်အထိ အဲလ်ဗာတန်အသင်းနှင့် ငါးနှစ်စာချုပ်ကို သောကြာနေ့က ချုပ်ဆိုလိုက်ကြောင်း အဆိုပါကလပ်က ပြောကြားသည်။

မိုရက်သည် ရွှန်းနီအား မန်ချက်စတာယူနိုက်တက်အသင်းကို ရောင်းချခဲ့ပြီးနောက် သူ၏အသင်းသို့ ပရီမီယာလိဂ်တွင် တတိယနေရာတွင် ပို့ထားနိုင်ခဲ့သည်။ ၁၂ပွဲကစားရာတွင် ခုနစ်ပွဲနိုင်ပြီး သုံးပွဲသာရှုံးထားသည်။

**ရိုက်တာ။**

### ကမ္ဘာကျော်တိုက်ဂါးဝုဒ် တောင်ကိုရီးယားသို့ခရီးပေါက်

ဂျီဂျူ(တောင်ကိုရီးယား) နိုဝင်ဘာ ၁၃

ကမ္ဘာ့ဂေါက်သီးရိုက်အကျော်အမော် အမေရိကန်မှတိုက်ဂါးဝုဒ်သည် တောင်ကိုရီးယားနိုင်ငံ ဂျီဂျူရာယွန် ဂေါက်ကလပ်သို့ သူ၏ဂေါက်သီးရိုက်ပညာကို ပြသရန် နိုဝင်ဘာ၁၂ ရက်က ရောက်ရှိလာသည်။

တိုက်ဂါးဝုဒ်၏ဂေါက်သီးရိုက်ပညာ ပြသမှုကို တောင်ကိုရီးယားမှ ဂေါက်သီးရိုက် အားကစားသမားများက ကြည့်ရှုခဲ့ကြသည်။ **(အောက်ဝဲပုံ)** ယင်းသည် တနင်္ဂနွေနေ့**(ယနေ့)**နံနက်ပိုင်းတွင် အမေရိကန်ဒေါ်လာ၂၀၀၀၀၀ တန်ဖိုးရှိ ပြိုင်ပွဲတစ်ရပ်ပြုလုပ်မည့် ဂျီဂျူရာယွန်ဂေါက်ကလပ်၌ ပါဝင်ကစားမည် ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် သူ၏ဂေါက်သီးရိုက်စနစ်သစ်ကို ယုံကြည်ထားကြောင်း၊ ၁၉၉၇ခုနှစ်ကာလက အောင်မြင်မှုများ ပြန်လည်ရရှိရန် ကြိုးစားကစားမည်ဖြစ်ကြောင်း၊ မိမိသည် ၁၂ချက်တည်းဖြင့်ရိုက်ကာ မာစတာများအား



အနိုင်ရခဲ့သည်ကို မိမိ၏ ဂေါက်သီးရိုက်အပြောင်းအလဲအတွက် လူအများက မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရကြောင်း ဝုဒ်က သောကြာနေ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တောင်ကိုရီးယားသို့ သုံးရက်ကြာလာရောက်လည်ပတ်စဉ်အတွင်း တောင်ကိုရီးယားမှ ဂေါက်သီးရိုက်အားကစားသမားများဖြစ်ကြသည့် ကောလင်းမောင့်ဂိုမာရီ၊ ပီဂျီအေ၏ တောင်ကိုရီးယား ကြယ်တစ်ပွင့်ဖြစ်သည့် ကေဂျေချိုင်း၊ ဆယ်ရီပက်ခ်တို့နှင့်အတူ တစ်ရက်အကြာ ပါဝင်ကစားမည်ဖြစ်ကြောင်းသိရသည်။

ဝုဒ်သည် အောက်တိုဘာ ၅ ရက်က ဆွီဒင်မယ်အယ်လင်နော်ဒီဂရင်းနှင့် လက်ထပ်ခဲ့ပြီး အဆိုပါခရီးစဉ်ကို လာရောက်ရန်ဆုံးဖြတ်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် ဂျပန်သို့ ဒန်းလော့ဖီးနစ်ဂေါက်သီးရိုက်ပြိုင်ပွဲကစားရန် သွားရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ မနောသုခမိုးစပါးစံကွက်စုပေါင်းရိတ်သိမ်း

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၀

**မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုကျေးရွာအုပ်စု ကပ်ခိုကျေးရွာ တောင်သူလယ်သမား ဦးမောင်ထွန်း ၏ကွင်းအမှတ် ၁၂၅၈/၁၆၀၃၊ ဦးပိုင်အမှတ် ၂၃/၁ ရှိ မနောသုခ မိုးစပါးတစ်ဧကစံကွက်အား စုပေါင်းရိတ်သိမ်း အထွက်နှုန်း ရယူပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစသန်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်အောင်နှင့်ဝန်ထမ်းများက စံကွက်ရိတ်သိမ်းရန် သတ်မှတ်ထားသော စံကွက်များကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။** (အပေါ်ပုံ)

ယင်းနောက် စံကွက်ရိတ်သိမ်းရေးအဖွဲ့များက စံကွက်ရိတ်သိမ်း အထွက်နှုန်းရယူကြရာ တစ်ဧကလျှင် ၁၀၅ ဒသမ ၁၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲအပြီးတွင် ကပ်ခိုကျေးရွာအုပ်စုအတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာငါးရွာမှ တောင်သူလယ်သမားများအား မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစသန်းမောင်က တစ်ဧကစပါးအထွက်နှုန်းတိုးရေး နည်းပညာများကို ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူလယ်သမားများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြကြောင်း သိရသည်။ **(ဝ၉၇)**

## ပညာသိယ်ကျေးလက်စာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံနှင့် ပရိဘောဂများလှူဒါန်း

**ဘုတလင် နိုဝင်ဘာ ၇**

မုံရွာခရိုင် ဘုတလင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ဆိတ်လူးအိုင်ကျေးရွာ၌ ပညာသိယ်ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က ကျင်းပရာ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းနှင့် စာကြည့်တိုက်နာယက ဦးသန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရေရှည်တည်တံ့ရေး**

အခမ်းအနားတွင် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးတင်သန်းဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကိုဟောပြောကြပြီး စာကြည့်တိုက် ဥက္ကဋ္ဌဦးဌေးမြင့်က ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာအုပ်အလှူရှင် ရန်ကုန်မြို့မှ ဦးကျော်တင်**(အောက်ပုံ)**နှင့် မုံရွာတက္ကသိုလ်မှ ဦးမြင့်ဇော်တို့က သုတ၊ရသ စာအုပ်မျိုးစုံအုပ် ၆၀၀နှင့် ရန်ကုန်မြို့ မိဘမေတ္တာ ဆောက်လုပ်ရေး ပစ္စည်းဆိုင်ပိုင်ရှင် ဦးသန်းကြွယ်-ဒေါ်ဌေးရီမိသားစုတို့က ပရိဘောဂအတွက် ကျပ်နှစ်သောင်းကို စာကြည့်တိုက်နာယကထံ ပေးအပ် လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ခွေးလေးကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ပညာဗိမာန်ဦး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၅ရက်ကကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးငယ်လေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ရီရီလွင်တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင်ပြန်/ဆက်)





### ကြီးကြပ်

**အောက်တိုဘာ ၂၉ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့က ကမ်းနားဈေးအတွင်း ယင်လုံဆန်ခါဖြင့် သားငါးများ စနစ်တကျရောင်းချမှုကို ကျန်းမာရေးနှင့်ညီညွတ်စေရန် ကြီးကြပ်စဉ်။** (မြို့နယ် စည်ပင်)

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့

## တနိုင်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**တနိုင်း နိုဝင်ဘာ ၃**

တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားရပ်ကွက် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က တနိုင်းမြို့နယ် မြို့မအားကစားကွင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးနေအောင်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** ကွင်းဖွင့်ပွဲအဖြစ် အထကအသင်းနှင့် ရွှေဝါထွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေဝါထွန်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ





## ကျိုက်ထိုမြို့နယ်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံနှင့်အလှူငွေများလှူဒါန်း

**ကျိုက်ထို နိုဝင်ဘာ ၈**

ကျိုက်ထိုမြို့နယ် ကွင်းကလေးအုပ်စု တောင်ကလေးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မင်းမဟော်စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဦးနှင့် ဂရင်းနိုက်ကျောက်ပြားစက်ရုံမှူး ဒုတိယ ဗိုလ်မှူးကြီးကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(အောက်ဝဲပုံ)**

**ရည်ရွယ်ချက်ရှင်းလင်း**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စာကြည့်တိုက်အတွက် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်က စာအုပ်မျိုးစုံ ၃၅၀နှင့်စာအုပ်စင်နှစ်ခု၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်က စာအုပ် ၅၅ အုပ်နှင့် အလှူရှင်များက စာအုပ်နှင့်အလှူငွေများပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌဦးကျင်စိုးက လက်ခံရယူသည်။

**(မြို့နယ်ပြန်/ဆက်)**

## မတူသောအမြင်များ စာအုပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြို့ မြောက်ဥက္ကလာပ ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးဝိသုဒ္ဓရုံသီ ရေးသားသော မတူသောအမြင်များ စာအုပ်ကို ပျော်ဘွယ်မြို့နယ် ဇီးတောရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ စာကြည့်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာကြည့်တိုက်မှူးများကိုယ်စား အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်မြတ်က လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**





ရေဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦး လှ ဦး နှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂၉ရက်က ရေဝတီတိုင်းကျောက်ကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မင်းလမ်းနှင့် ဗန္ဓုလလမ်းဆက်သွယ်သည့် အောင်ဇေယျလမ်းတစ်လျှောက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၂၆၅)

## ကညွတ်ကွင်း အထက မြတ်ဆရာပူဇော်ပွဲကျင်းပ

ကညွတ်ကွင်း နိုဝင်ဘာ ၉

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏(၁၉)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နိုဝင်ဘာ၇ရက် နံနက် ၉နာရီက မြရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်ဆရာ ဆရာပူဇော်ပွဲနှင့် ပတ်သက်၍ အတွင်းရေးမှူး ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြပြီး ပူဇော်ပွဲ ကျင်းပရေးဥက္ကဋ္ဌ ဦးချစ်စမ်းနှင့် ဦးမောင်မောင်သိမ်း (ရန်ကုန်) တို့က ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဆရာ၊ဆရာမကြီးများအား တစ်ဦးလျှင်ငွေကျပ် ၅၈၀၀၀ စီနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ အငြိမ်းစား ဆရာ၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးစိုးဝင်းနှင့် ဆရာမကြီးဒေါ်ခင်မြင့်မြင့်တို့က သြဝါဒစကားပြောကြားကြကြောင်း သိရသည်။ **(က-ပ)**



**ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုနှင့် ဆရာ၊ ဆရာမများ ဦးစီး၍ အာဟာရ ရက်သတ္တပတ်အဖြစ် နိုဝင်ဘာ၃ရက်က တတိယတန်း ကျောင်းသူ ကျောင်းသားများအား အလှူရှင် မအိသဉ္ဇာမိုးနှင့် မနန္ဒာရည်မွန်တို့က အာဟာရ ထမင်းဘူးများ ကျွေးမွေးစဉ်။** (က-ပ)

**မွန်ပြည်နယ် သမိုင်းဝင် ကျိုက်သလ္လံစေတီ၏ ဝိသာခါ ဝတ်တော်ကြီးတွင် သရိုးပန်းဆင်ယင်မှုအတွက် အောက်တိုဘာ ၃၀ရက်က မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် ဇနီး ဒေါ်သီတာမော်၊ သား ကျော်မိုးထက်အောင် မိသားစုက ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။** (၁၆၈)

## ငပုတောမြို့နယ်တွင် ကွင်းဆင်းပြီး အခမဲ့ဆေးဝါးကုသ

ငပုတော နိုဝင်ဘာ ၁

**ပုသိမ်ခရိုင် ငပုတောမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး အခမဲ့ဆေးဝါး ကွင်းဆင်းကုသရေးလုပ်ငန်းကို အောက်တိုဘာ၂၄ရက် နံနက်၉နာရီက စဥ့်အိုးဘိုကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးကြည်က နယ်လှည့်(အခမဲ့) ဆေးကုသရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးငွေးကျော်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအေးကြည်၊မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဖေ၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာဝင်းနိုင်၊ ဒေါက်တာယဉ်မျိုးသန့်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးခန်းမှူး ဦးသန့်ဇော်၊ ကျန်းမာရေးဦးစီးဌာန ဆရာ ဆရာမများက အထွေထွေရောဂါကုသမှု လူနာ၁၁၂ဦး၊သွားရောဂါကုသမှု ၄၅ဦး၊ တိုင်းရင်းဆေးဖြင့်ကုသမှု ၉၇ဦးတို့ ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



## ရွှေတောင်မြို့နယ် လင်းရောင်ခြည် စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုကက်ဆက်လှူဒါန်း

ရွှေတောင် နိုဝင်ဘာ ၃

ပြည်ခရိုင် ရွှေတောင်မြို့နယ် သရက်သုံးပင်အုပ်စု၊ ရွှေကျွန်းကုန်းရွာကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည်စာကြည့်တိုက်သို့ ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရေးအတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုကက်ဆက်လှူဒါန်းပွဲကို အောက်တိုဘာ ၁၈ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အဆိုပါကျေးရွာရွှေကျွန်းသာယာကျောင်းတိုက် ဆရာတော် ဦးစန္ဒောဘာသနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်အမှတ်၉၇ ကမ္ဘာအေး စေတီလမ်းနေ စာကြည့်တိုက်အလှူရှင်ဒေါ်မော်မော်အေးမိသားစုက ရုပ်မြင်သံကြားနှင့် ရေဒီယိုကက်ဆက်တစ်လုံးစီအား ပေးအပ်လှူဒါန်းရာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှမျိုးအောင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်ဝင်းနိုင်နှင့် စာကြည့်တိုက်မှူး ဦးကြည်ဝင်းတို့ကလက်ခံရယူကြကြောင်း သိရသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

## ကျိုင်းတုံမြို့နယ်၌ စိစစ်ရေးကတ်ပြားပေးအပ်

ကျိုင်းတုံ နိုဝင်ဘာ ၇

ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ဟွေပွန်ကျေးရွာ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်းပြုလုပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့နှင့်အမှုဆောင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟွေပွန်ကျေးရွာ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမြင့်ကပေးအပ်ရာ အသင်းအတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်တွင် ဖူးပွင့်ရတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိတ္ထီလာ နိုဝင်ဘာ ၈

မိတ္ထီလာမြို့ ကဖြူကျေးရွာအုပ်စု ကဖြူကျေးရွာ ဖူးပွင့်ရတနာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက်က စာကြည့်တိုက်အဆောက်အအုံရှေ့တွင် ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးကျော်တင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိန်နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၊ အလှူရှင်များက လှူဒါန်းသည့် သုတ၊ ရသ စာအုပ်မျိုးစုံ ၄၅၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**





**နိုဝင်ဘာ ၃ ရက်က ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အောင်သာယာ-အဖောင်ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ရန် လမ်းပန္နက်ရိုက်ခြင်းနှင့် ကျောက်များ သယ်ယူခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဇော်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (၁၅၈)



## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၁၁၈)စီနေ ဦးဝင်းသိန်း–ဒေါ်ညွန့်ညွန့်ရီ(Director, Cho Cho Industry Ltd.) တို့၏ တစ်ဦးတည်းသောသား

**မောင်ဝေဖြိုး**

(Bachelor of Science in Business Administration), USA
Managing Director (Cho Cho Co.,Ltd,
Yathar Cho Co.,Ltd,Yathar Cho Industry Ltd.,
Cho Cho Industry Ltd.)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၇)မိုင်၊ ဦးကျော်လှလမ်း၊ အမှတ်(၇)ဘီနေ
Dr. ရိန်မြင့် (Raymond) Assistant Audiologist, South Auckland Health Care (Manukau Super Clinic)–ဒေါ်ခင်မြတ်ခိုင်(Dolly)တို့၏သမီးဦး

**မယုမွန်**

B.Tech(Biomedical Science)1st Class Honours
Ph.D(Molecular Medicine and Pathology)Thesis
AUCKLAND UNIVERSITY, NEW ZEALAND

တို့သည် ၆–၁၁–၂၀၀၄ ရက်တွင် Traders Hotel, Myanmar Ballroom ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဝေဖြိုး–မယုမွန်။**

## လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်း ချောင်းဦးမြို့ မြို့မရပ် မေတ္တာရိပ်မွန်နေ ဦးဝင်းတင့်(ခ)ဦးပါပါ–ဒေါ်တင်တင်တိုးတို့၏သား

**မောင်သူရိန်ဝင်းတင့် (ခ) ဝမ်းညိမ်း**
**B.A (ဒဿနိကဗေဒ)** နှင့်

ချောင်းဦးမြို့၊ ဝင်းရပ်နေ ဦးဘသွင်–ဒေါ်အေးမြင့်တို့၏သမီး

**မအေးအေးသွယ် B.A (သမိုင်း)**

တို့သည် ၂၆–၁၀–၂၀၀၄ရက်တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ မုံရွာမြို့နယ်တရားရုံးတွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်သူရိန်ဝင်းတင့်(ခ)ဝမ်းညိမ်း–မအေးအေးသွယ်။**

## အထကခွဲ(မင်းကုန်း) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ

၁၉၆၆–၁၉၉၆ခုနှစ်အတွင်း အမိကျောင်းတော်ကြီး၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၆–၁၂–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆရာ၊ ဆရာမများအနေဖြင့် ကန်တော့ခံကြွရောက်ပေးပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်း ညီအစ်ကိုမောင်နှမများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** အာစရိယပူဇော်ပွဲအတွက် အလှူငွေများထည့်ဝင်နိုင်ရန် ဖုန်းနံပါတ်–၀၃၁–၂၅၁၄၂၊၂၄၆၉၂၉၆၂၉၅၀၅ (သမဝါယမကောလိပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**အခမ်းအနားဖြစ်မြောက်ရေးကော်မတီ။**

## WE ARE MOVING!!!

With effect from 25th November' 04 - we are pleased to announce that our office will move to the following address.

**GUNKUL ENGINEERING & FRESH AIRCONDITIONING**

New Office Address : No. 437 (A), Pyay Road, Kamayut Township, Yangon
: Tel (95-1) 502016, 502017, 502018, 525682, 704726, 247184
Fax (95-1) 527604

E.mail : contact@gkmyanmar.com.mm
freshaircon@gkmyanmar.com.mm

YOUR KEY TO BETTER LIVING FMI GARDEN DEVELOPMENT LIMITED

# လုံးချင်းအိမ်ရာများ နှင့် မြေကွက်များ

Orchid Gardens

## ဝါကျွတ်အထူးနှုန်း

FMI City / Orchid Garden

**ဈေးရောင်းချိန် အထူးကာလ**

(၁၃.၁၁.၂၀၀၄)မှ(၂၆.၁၁.၂၀၀၄)အထိ



**5% Discount**

ဆက်သွယ်ရန်– FMI City / Orchid Garden-
ဖုန်း– (၀၁) ၆၈၂၄၄၅ မှ ၆၈၂၄၅၈၊ လိုင်းခွဲ(၁၀၀၃၊ ၁၀၀၅၊ ၁၀၀၆)

### ခရသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန် ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဝေဒနာရှင်များသိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။ **ဥပုသ်နေ့ပိတ်သည်။**

**နေရောင်လင်းဆေးတိုက်** အမှတ် ၂၄/၂၊ စင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ မိုးစွေမှတ်တိုင်၊ မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

### ဦးစိုးတင့်(ဆိပ်ကြီးခနောင်တို)သိစေရန်

**THREE STAR Air-Con,**

ရေခဲသေတ္တာ
တပ်ဆင်၊ပြုပြင်၊ရောင်းဝယ်ရေး
Good Second Air-Con များကို
ဈေးနှုန်း အထူးချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်။
**ဖုန်း–၇၀၅၇၈၄ ။**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးအုန်းသွင်ကြီး (မြန်မာမှု ပညာရှင်)

ပန်းချီပညာရှင် ဦးအုန်းသွင်ကြီးသည် ၁၀–၁၁–၂၀၀၄ ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

**ဦးအုန်းတင်နှင့်တပည့်များ**
**မြန်မာမှုအဖွဲ့(မင်းဓမ္မကုန်းတော်)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရနှင့်ဆက်လက်လက်တွဲမည် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး( ဒီကေဘီအေ )အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်ပြောကြား

ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအဖွဲ့၊ ဘင်ခရာ ပန်းဖွား အက အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

## ဖူးမြော်ကြည်ညို

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူ အထူးဒေသ ဂန္ဓကုဋိတိုက် စံကျောင်းဆောင်သို့ရောက်ရှိကြပြီး ရှေးဦးစွာ ဘေသဇ္ဇမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မွန်ပြည်သစ်ပါတီအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ထောမွန်ခေါင်းဆောင်သော အဖွဲ့အား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

**မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းအညွှန်း**

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းဝင်များကိုယ်တိုင် ပါဝင်ဆောင်ရွက်ရေးဟူသည့် အချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပင်ဖြစ်သည်။"

ခေါင်းကြီး(စာ-၂)

"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဟာ ပြုစုပျိုးထောင်ထားတဲ့ လူငယ်အင်အားစုနဲ့ နိုင်ငံတော် တည်ဆောက်ရေးအစီတ်အပိုင်းတွေမှာ ပါဝင်ကာ အင်တိုက်အားတိုက် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တယ်"

မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး(စာ-၃)

"ကိုယ်အလေးချိန် လျှော့စေသောဆေးများကို တတ်ကျွမ်းသော ဆရာဝန်၏ညွှန်ကြားချက်ဖြင့်သာ သောက်သုံးသင့်သည်။ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ခွင့်ပြုချက်မရှိသော ဆေးဝါးများကို လုံးဝ မသောက်သုံးသင့်ပါ။"

ပါမောက္ခဒေါက်တာပိုင်စိုး(ဆေးသုတေသနဦးစီးဌာန)၏ ဆောင်းပါး(စာ-၁၀)

"ထိုင်းနိုင်ငံတွင် အသက်(၁၈)နှစ်အောက်ရှိသူများအား အရက်နှင့် စီးကရက် ရောင်းချခြင်း ပိတ်ပင်တားမြစ်"

နိုင်ငံတကာသတင်း(စာ-၄)

# နိုင်ငံတော်နှင့်တပ်မတော်၏လုပ်ဆောင်ချက်စေတနာမှန်သိမြင် ဦးအုန်းသွင်ခေါင်းဆောင်သော အင်န်ဒီအေတောတွင်းလက်နက်ကိုင် ၂၄ဦး နိုင်ငံတော်၊တပ်မတော်နှင့်ပြည်သူတို့၏ရင်ခွင်သို့ဝင်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အင်တိုက်အားတိုက် အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်နှင့်တပ်မတော်တို့၏ လုပ်ဆောင်ချက်နှင့် စေတနာတို့ကို နားလည်သဘောပေါက်လာသည့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများက ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များအပေါ် သိမြင်လာကြပြီး နိုင်ငံတော်၊တပ်မတော်နှင့်ပြည်သူတို့၏ရင်ခွင်သို့ အဆက်မပြတ် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိကြရာ နိုဝင်ဘာ ၁၀ ရက်က အင်န်ဒီအေတောတွင်းလက်နက်ကိုင်အဖွဲ့က ဦးအုန်းသွင်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၄ ဦးသည် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

## လှိုက်လှဲပျူငှာစွာကြိုဆို

အဆိုပါ ဦးအုန်းသွင်ခေါင်းဆောင်သော အင်န်ဒီအေတောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အခမ်းအနားကို ညနေ ၅ နာရီတွင် ကော့သောင်းမြို့နယ် လေညာတံတားတည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ကျင်းပရာ ရှေးဦးစွာ အဖွဲ့ဝင်များအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် တပ်မတော်အရာရှိများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လေညာတံတားမှ လှိုက်လှဲပျူငှာစွာကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●



အင်န်ဒီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဦးအုန်းသွင်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၄ ဦး ကိုင်ဆောင်သော လက်နက်များကို တွေ့ရစဉ်။ (သတင်းစဉ်)